KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

အစီရင်ခံစာ အကျဉ်းချုပ်

၂၀၁၇ ခုနှစ် အောက်တိုဘာလ

အကြောက်တရား၏ အုတ်မြစ်

၂၅ နှစ်အတွင်း မှတ်တမ်းတင်ထားသော မြန်မာပြည်အရှေ့တောင်ပိုင်းမှ ရွာသားများ၏အသံများ

"[၂၀၁၂ ခုနှစ်] ပဏာမအပစ်ခတ်ရပ်စဲရေး မတိုင်ခင် ပဋိပက္ခကာလတုန်းက ပြည်သူတွေ၊ ခေါင်းဆောင်တွေ အများကြီး သေခဲ့ကြရတယ်။ စစ်ပွဲကြောင့် ရွာသားအများကြီး ဒုက္ခသည်စခန်းတွေ၊ အခြားနိုင်ငံတွေကို ထွက်ပြေးကုန်ကြတယ်။ ကျွန်တော်တို့က ရွာသားတွေအတွက် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းတွေ ပိုဖွင့်ပေးဖို့ အစိုးရနှစ်ရပ်စလုံးကို အကြံပေးချင်တယ်။ KNU နဲ့ မြန်မာအစိုးရ နှစ်ရပ်စလုံး တစ်ဦးနဲ့တစ်ဦးအကြားယုံကြည်မှု ပိုတည်ဆောက်ဖို့နဲ့ ကတိတွေမချိုးဖျက်ကြဖို့ နှစ်ဖွဲ့စလုံးကို အကြံပေးတင်ပြတယ်။ ကျွန်တော်တို့ မြေးတွေရဲ့ မျိုးဆက်အချိန်ကျရင် အဲဒီလို လူ့အခွင့်အရေးချိုးဖောက်မှုတွေဖြစ်နေတာကို မမြင်ချင်တော့ဘူး။"

စောစဂ--- (ကျား၊ ၂၄ နှစ်)၊ စက--- ရွာ၊ ရွှေကျင်မြို့နယ်၊ ညောင်လေးပင်ခရိုင်/ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း (၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် တွေ့ဆုံမေးမြန်းခဲ့သည်။)

ကရင်လူ့အခွင့်အရေးအဖွဲ့သည် လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်ပြီးမြန်မာပြည်အရှေ့တောင်ပိုင်းရှိရွာသားများ၏ အသံများကို ၁၉၉၂ ခုနှစ်ကတည်းက မှတ်တမ်းတင်ထားခဲ့ခြင်းဖြစ်ပါသည်။ ၂၅ နှစ်ပြည့်သွားပြီးနောက် မှတ်တမ်းပြုစုထားသော ရွာသားများတင်ပြထားသည့် ၂၅ နှစ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ သက်သေခံချက်များကို ကျယ်ပြန့်စွာပြန်လည်ဆန်းစစ်သည့် ဤအစီရင်ခံစာအား တင်ပြခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဆယ်စုနှစ် နှစ်ခုထက် ကျော်လွန်သော ကာလတစ်ခုအတွင်း မှတ်တမ်းပြုစုထားသည့် ယနေ့ အောက်ခြေတွင်ဖြစ်ပွားနေသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုများမှ ဖြစ်ပေါ်လာသော ခွဲခြားဆက်ဆံမှုများ၊ စစ်ဘက်ဆိုင်ရာ လုပ်ဆောင်မှုမှ ဖြစ်ပေါ်လာသော ဒုက္ခသည်များ နေရပ်ပြန်ခြင်းများစသည့် ယနေ့လူ့အခွင့်အရေးဆိုင်ရာ ဖြစ်ရပ်များကို ရွာသားများ တင်ပြထားသည့် ၎င်းတို့၏ အသံများမှတစ်ဆင့် လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာသတင်းအချက်အလက်များအား ဤအစီရင်ခံစာမှ တင်ပြနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဒေသခံများ၏ လုံခြုံမှုနှင့်လွတ်လပ်မှုများ၊ ငြိမ်းချမ်းရေးလမ်းစဉ်တွင် ဆက်လက်ဖြစ်ပေါ်နေသော အဟန့်အတားများ၊ လူ့ခွင့်အရေးချိုးဖောက်မှုများတားဆီးကာကွယ်ရာတွင် မေ့ပျောက်ခံရခြင်း၊ နှုတ်ဆိတ်ခံရခြင်းနှင့် အကြိမ်ကြိမ် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ ပြန်လည်ရင်ဆိုင်ကြုံ တွေ့ရခြင်းစသည့် ရွာသားများ၏ သက်သေခံချက်များကို ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းအားဖြင့် မြန်မာပြည် အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေကို နားလည်သဘောပေါက် နိုင်ပါသည်။



ဤအစီရင်ခံစာ အကျဉ်းချုပ်သည် အင်္ဂလိပ်ဘာသာ၊ ကရင်ဘာသာ၊ မြန်မာဘာသာများဖြင့် ရရှိနိုင်သည်။ အစီရင်ခံစာ အပြည့်အစုံကိုမူ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာ များဖြင့် ရရှိနိုင်သည်။ အစီရင်ခံစာ အားလုံးကို www.khrg.org တွင် ရယူနိုင်သည်။

ဤအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် ကရင်လူ့အခွင့်အရေးအဖွဲ့သည် ၁၉၉၂ ခုနှစ်ကတည်းက မိမိတို့ပြုစုထားသော ထောင်ချီရှိသည့် နမူနာအစီရင်ခံစာများမှ သတင်းအချက်အလက်များကို ပြန်လည်စုဆောင်းရယူခဲ့ရပါသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့၏ အစီရင်ခံစာ မူကြမ်း ၉၄၄ ခုကို ကနဦးစိစစ်ခဲ့ပြီး နောက်ဆုံးအစီရင်ခံစာ ၄၈၉ ခုမှ သတင်းအချက်အလက်များအား တိုက်ရိုက် ရယူအသုံးပြုခဲ့ပါသည်။ ထိုအစီရင်ခံစာများထဲတွင် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၁၉၉၂ ခုနှစ် နိုဝင်ဘာလ မှ ၂၀၁၇ ခုနှစ် မတ်လအထိ အစဉ်စုဆောင်းရရှိသည့် ထုတ်ဝေခဲ့ပြီးသော အစီရင်ခံစာ ၃၁၂ခုနှင့် မထုတ်ဝေရသေးသည့် အစီရင်ခံစာ ၁၇၇ခု ဖြစ်ကြပြီး ၎င်းတို့မှာ တွေ့ဆုံမေးမြန်းခန်း ၁၁၄ ခုအပါအဝင်၊ ဒေသတွင်း နောက်ဆုံးရ အခြေအနေတင်ပြချက် ၁၁၆ခု၊ ဓာတ်ပုံ မှတ်တမ်းနှင့် ဓာတ်ပုံသတင်း ၁၀၆ခု စသည်တို့အသီးသီး ပါဝင်ခဲ့ပါသည်။

ဤအပြီးသတ်အစီရင်ခံစာမှ ပါရှိသည့် ဖော်ပြချက်များမှာ အကြမ်းဖက်ချိုးဖောက်မှုအမျိုးအစားများ ဖြစ်ကြသော တိုင်းရင်းသားနှင့်ဘာသာရေး ခွဲခြားဆက်ဆံခံရမှုများ ဖြစ်ပေါ်သည့် နေရာ၊ နောက်ခံသမိုင်းကြောင်းနှင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများအတွက် အခြေခံလိုအပ်ချက်များနှင့် ဝန်ဆောင်မှုများ ရရှိနိုင်ခွင့်အား မသိကျိုးကျွံပြုခံရခြင်းနှင့် ထပ်ခါတလဲလဲ ဆက်လက်ဖြစ်ပေါ်ခြင်း စသည့်အကြောင်းအရာများ ပါဝင်ပါသည်။ လူ့အခွင့်ရေးချိုးဖောက်မှုနောက်ခံသမိုင်းကြောင်း၏ ရလဒ်အနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိပဲ ပျက်ကွက်ခြင်းစသည့် ဆိုးရွားသော အဖြစ်အပျက်များကြောင့် တပ်မတော်နှင့် မြန်မာအစိုးရအပေါ် နက်နဲသော ယုံကြည်မှုမရှိတော့ခြင်း စသည့် ဤအကြမ်းဖက်ချိုးဖောက်မှုအမျိုးအစားများ သည်ရွာသားများအတွက် 'အကြောက်တရား၏ အုတ်မြစ်' ကို ဖြစ်တည်စေသည့် အရာပင်ဖြစ်ပါသည်။ ထို့အပြင် ၂၀၁၂ ခုနှစ်တွင် ပြုလုပ်လုပ်သော ပဏာမ အပစ်အခတ်ရပ်စဲရေးပြီး နောက်ပိုင်းတွင် ဖြစ်ပေါ်လာသော တကယ့်အစစ်အမှန်မဟုတ်သည့်ဖွံ့ဖြိုးရေးစီမံကိန်းဟုခေါ်သော ပုဂ္ဂလိကကုမ္ပဏီများမှတစ်ဆင့် တပ်မတော်၊ နယ်ခြားစောင့်တပ် (BGF) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အကောင်အထည်ဖော် လုပ်ဆောင်နေသည့် စီမံကိန်းလုပ်ငန်းများ၊ ရွာသားများအပေါ် တရားလက်လွတ်ငွေကြေးတောင်းခံမှုများ၊ ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည် (IDP) များအား မူလနေရာဖြစ်သည့် မိမိတို့၏ မွေးရပ်မြေသို့ ပြန်နေရန် ဖိအားပေးမှုများ စသည့် ရွာသားများ၏ အခွင့်အရေးများကို အလွဲသုံးစားပြုခံရမှုများ၊ခေါင်းပုံဖြတ်ခံမှုများ စသည့်အကြောင်းအရာများကိုလည်း ဤအစီရင်ခံစာတွင် အရေးတကြီး ထည့်သွင်းဖော်ပြထားပါသည်။ ရွာသူရွာသားများသည် အကြမ်းဖက် ချိုးဖောက်မှုများ ရှောင်တိမ်းရန်အတွက် တက်ကြွစွာ နည်းလမ်းများ ရှာဖွေခဲ့ခြင်း သို့မဟုတ် မိမိတို့ ရင်ဆိုင်ကြုံတွေ့ရမည့် အဆိုပါချိုးဖောက်မှုများ လျော့နည်းလာစေရန်နှင့် မိမိတို့အခွင့်အရေးရရှိရန်အတွက် တိုက်ရိုက်တောင်းဆိုနေကြပါသည်။ သို့ရာတွင် ရွာသူရွာသားများသည် အကူအညီမဲ့နေသည့် မြေစာပင်များ သို့မဟုတ် အဆိုပါ အကြမ်းဖက်ချိုးဖောက်မှုများကိုသာ ရင်ဆိုင်ကြုံတွေ့နေရသည်ကို ကရင်လူ့အခွင့်အရေးအဖွဲ့၏ မှတ်တမ်းပြုစုသည့် ကာလတစ်လျှောက်တွင် တွေ့ရှိနေရပါသည်။ ဤကဲ့သို့ တရားမျှတမှုရရှိရန်အတွက် ရွာသူရွာသားများသည် မိမိတို့ တုန့်ပြန်လုပ်ဆောင်နိုင်သည့်စွမ်းရည်များ၊ ရရှိခဲ့သည့်အောင်မြင်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများ အကြောင်းကို 'အကြောက်တရား၏ အုတ်မြစ်' 'Foundation of Fear' အမည်ရှိ ဤအစီရင်ခံစာမှ အထူး မီးမောင်းထိုးဖော်ပြထားပါသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့၏ ရှာဖွေတွေ့ရှိချက်များသည် ဤအစီရင်ခံစာ အကျဉ်းချုပ်တွင် ဖော်ပြထားပါသည်။ အောက်ပါ ဖော်ပြထားသော အဓိကရှာဖွေတွေ့ရှိချက်များမှာ စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်ခြင်း၊ အကြမ်းဖက်မှု၊ ပညာရေး၊ ကျန်းမာရေး၊ တရားလက်လွတ် အခွန်ကောက်ခံမှု၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် နေရပ်ပြန်ခြင်း၊ ခွဲခြားဆက်ဆံမှုနှင့် ပိုင်းခြားထားမှုတို့နှင့် ငြိမ်းချမ်းရေးအပေါ် အမြင်သဘောထားများတို့ ပါဝင်သည်။

နောက်ဆုံးအနေဖြင့် မြန်မာပြည် အရှေ့တောင်ပိုင်းရှိ အဓိက ရှာဖွေတွေ့ရှိသည့် အရေးကြီးသော အကြောင်းအရာများအပေါ် မြန်မာနိုင်ငံအစိုးရအပါအဝင် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ဆောင်သူများ၊ တပ်မတော်၊ နယ်ခြားစောင့်တပ် နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ စသည့် အဆိုပါအဖွဲ့အစည်းများသို့ ဤအစီရင်ခံစာမှ ခိုင်လုံသောအကြံပြုချက်များ ပေးနိုင်ခဲ့ပါသည်။ ထို့ကြောင့် လက်တွေ့ကျင့်သုံးမည့် သူများနှင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အဓိက ပါဝင်လုပ်ဆောင်သူများသည် မိမိတို့ လုပ်ဆောင်နေသည့် အခန်းကဏ္ဍ အတွက် ဖြစ်ပေါ်နေသော အကြောင်းအရာများ နားလည်သဘောပေါက်စေရန် သာမက မိမိတို့ ရှေ့ဆက်လုပ်ဆောင်ရမည့် တာဝန်များတွင် ပြုပြင်ပြောင်းလဲရန် လိုအပ်သည့် အရာများကို သိရှိရန်အတွက်သော်လည်းကောင်း၊ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသူရွာသားများ အထူးတင်ပြထားသည့် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ကိုင်တွယ်ဖြေရှင်းပေးရန် သော်လည်းကောင်း 'အကြောက်တရား၏ အုတ်မြစ်' 'Foundation of Fear' အမည်ရှိ ဤ အစီရင်ခံစာအား ဖတ်ရှုသုံးသပ်ရန် ဇကန်မုချ အရေးကြီးပါသည်။

ဤမာတ်ပုံကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့က တောင်ဂူခရိုင်၊ ထန်းတပင်မြို့နယ်တွင် ရိုက်ကူးထားခြင်း ဖြစ်သည်။ ထိုမာတ်ပုံတွင် ကောင်းမြန်မာအောင်ကုမ္ပဏီ ကို ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်နေရသောရွာသားများ ထုံးဘိုရွာမှ နဂါးမောက်ရွာသို့ လမ်းပေါ်တွင် ချီတက်လာနေသောပုံကို ပြသနေခြင်းဖြစ်သည်။ ကောင်းမြန်မာအောင်ကုမ္ပဏီမှ ရွာသားများ၏ မြေယာများကို သိမ်းဆည်းထားပြီး နှစ်ရှည်သီးနှံများစိုက်ပျိုးထားပါသည်။ သို့ဖြစ်၍ ကောင်းမြန်မာအောင်ကုမ္ပဏီမှ မြေသိမ်းခံရသော ဒေသခံရွာများဖြစ်သည့် ထုံးဘိုရွာ၊ နဂါးမောက်ရွာနှင့်ရေအိုးစင်ရွာမှ ရွာသားဦးရေ ၈၀ ခန့်သည် လမ်းပေါ်တွင်ချီတက်ကာ ၎င်းတို့မြေများပြန်ရရေးအတွက် ဆန္ဒထုတ်ဖော်နေကြခြင်းဖြစ်ပါသည်။ တချို့သောရွာသားများသည် ထုံးဘိုဆည်တည်ဆောက်မှုအောက်တွင် ရေကြီးမှု၊ မြေယာပျက်ဆီးမှုများကြောင့် စိုက်ခင်းမြေများဆုံးရှုံးရပြီးနေရာရွှေ့ပြောင်းခဲ့ရသောရွာသားများပင်ဖြစ်သည်။ လက်ရှိဥပဒေကြောင်းနှင့်အညီ ရွာသားများသည်အောက်ပါအတိုင်း ဖော်ပြထားသောဂင်းတို့၏တောင်းဆို ချက်များကို စာရွက်ကြီးများပေါ်တွင်ရေးသားမြှောက်ကိုင်၍ချီတက်ကြရသည်။ ရွာသားများ၏ဟစ်ကြွေးနေသောဆောင်ပုဒ်များမှာ- *'ကောင်းမြန်မာအောင်ကုမ္ပဏီ အလိုမရှိ၊ လယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ အလိုမရှိ၊ ငါတို့မိဘဘိုးဘွားပိုင်အမွေ၊ ငါတို့မြေတွေချက်ချင်းပေး'* ဖြစ်ပါသည်။ *[ဓာတ်ပုံ- KHRG]*

"ဒီမိုကရေစီစနစ်ဟာ စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှု၊ လူမျိုးရေးခွဲခြားမှု နဲ့ အခွင့်အရေးချိုးဖောက်မှုတွေ ပေါ်ပေါက်လာအောင် စတင်ပေးတဲ့ လောင်စာတွေကို မြန်မာပြည်ကနေ ချက်ချင်းပျောက်ကွယ်သွားအောင် လုပ်နိုင်တဲ့ ပဏ္ဍလက်ဆရာ မဟုတ်ပါ။ ကျွန်တော်တို့သွားနေတဲ့ ခြေလှမ်းများထဲက ခြေလှမ်းတစ်လှမ်းသာ ဖြစ်ပါတယ်။ အဓိက အဆင့်မဟုတ်ရင်တောင်မှ လိုအပ်တဲ့ အဆင့်တစ်ဆင့်ဖြစ်တယ်။ ဒီမိုကရေစီနည်းလမ်းအရ ဖွဲ့စည်းထားတဲ့ အစိုးရတစ်ရပ်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ တာဝန်ကို လာမယ့် ရက်သတ္တပတ်အတွင်းကစပြီး တာဝန်လွှဲပြောင်းယူခဲ့ရင်တောင်မှ ကျွန်တော်တို့အနေနဲ့ ကိုယ့်အလုပ်ကို ဆက်လုပ်ရပါလိမ့်မယ်။ လိုအပ်ရင် ပိုပြီးတော့တောင် ယခုထက်ကြိုးစားပြီး လုပ်ရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့ စိတ်တွေထဲမှာ ဒီမိုကရေစီရဖြိုဆိုရင် အရာအရာတိုင်းဟာ သူ့အလိုလို ပိုကောင်းလာမယ်လို့ ယူဆချက်တွေ ရှိနေကြတယ်။ ဒီမိုကရေစီအပြောင်းအလဲကို သွားနေတဲ့ ကမ္ဘာ့နိုင်ငံတိုင်းက ဒီအယူအဆတွေဟာ မှားယွင်းတဲ့ အရာ ဖြစ်တဲ့အကြောင်းကို သက်သေပြခဲ့ပြီးဖြစ်ပေမယ့်လည်း ဒီအယူအဆတွေဟာ ဆက်လက်ရှိနေသေးတယ်။ ရှေ့ဆက်ရမည့်လုပ်ငန်းမှာ ပိုမိုရှုပ်ရှက်ရလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံရဲ့ ပြင်ပက သူတွေဟာ မကောင်းတဲ့ သတင်းတွေကို ထပ်ပြီးမကြားချင်တော့ဘူး။ အလှူရှင်တွေနဲ့ အခြားထောက်ပံ့မှုပေးနေသူတွေ အနေနဲ့ကလည်း လူ့အခွင့်အရေးဆိုတာထက် ဖွံ့ဖြိုးရေး လုပ်ငန်းတွေကို ထောက်ပံ့ကူညီဖို့ ပိုပြီးဦးစားပေးလာကြတယ်။ တချို့ ဆိုရင် တခြားနိုင်ငံတွေကိုပဲ လုံးလုံး ထောက်ပံ့ကြတော့တယ်။ ရွာသားတွေရဲ့ အသံတွေဟာ ပိုပြီးတော့ ကျယ်လောင်နေဖို့ လိုတယ်။ ဒါပေမယ့် ဒီမိုကရေစီအရေး ကျွမ်းကျင်သူတွေနဲ့ ဖွံ့ဖြိုးရေးသမားတွေရဲ့ အသံတွေကြောင့် ကျွန်တော်တို့ရဲ့ အသံတွေ ပျောက်ကွယ်သွားနိုင်မယ့် အန္တရာယ်တွေရှိတယ်။ ကျွန်တော်တို့တောင်မှ ပျောက်ကွယ်သွားနိုင်ပါတယ်။ ဒါပေမယ့် ရွာသားတွေရဲ့ အမြင်နဲ့ သူတို့ရဲ့ အခြေအနေတွေကို ကျွန်တော်တို့အနေနဲ့ ဆက်လက်ပြီး တင်ပြနေရမှာပဲဖြစ်ပါတယ်။ နိုင်ငံတကာရဲ့ ဖွင့်ဆိုချက်နဲ့ သူတို့ရဲ့ မှဘောင်ထဲကနေ သွားမှာမဟုတ်ပဲ ရှုထောင့်အမျိုးမျိုးကနေ အပြန်အလှန်နားလည်ထားကြတဲ့ လူ့အခွင့်အရေးနဲ့ ဂုဏ်သိက္ခာအပေါ်မှာ မှီငြမ်းပြီး ကျွန်တော်တို့အနေနဲ့ ဆက်လက် တင်ပြသွားမှာပဲ"။

ကရင်လူ့အခွင့်အရေးအဖွဲ့၏ ထုတ်နှုတ်တင်ပြချက် အစီရင်ခံစာ၊ မြန်မာပြည်အရှေ့တောင်ပိုင်း။
(၂၀၀၆ ခုနှစ် ဩဂုတ်လတွင် ထုတ်ဝေခဲ့သည်။)

ကေအဲန်ယူသတ်မှတ်ထားသော ကရင်ပြည်နယ်နှင့်မြန်မာနိုင်ငံအစိုးရသတ်မှတ်ထားသော တိုင်းနှင့်ပြည်နယ် နယ်နိမိတ်



အသေးစိတ်ရှာဖွေတွေ့ရှိချက်များ

စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများ

"ဘယ်သူ့မှာမှ သေနတ်လည်း မရှိဘူး။ ယူနီဖောင်းလည်း မဝတ်ထားဘူး။ ကျွန်တော်တို့ အားလုံးဟာ အရပ်သားတွေပဲ။ တပ်မတော်စစ်သားတွေကရွာသားတွေပြေးတာ မြင်တာနဲ့ ပစ်တာပဲ။ ဒီလူတွေ ရွာသားတွေ ဆိုတာသူတို့ သေချာသိတယ်။ သူတို့က မပြေးနဲ့လို့ အော်တယ်။ ဒါပေမယ့် ရွာသားတွေက သူတို့ကို ကြောက်တော့ ထွက်ပြေးတာပဲ။ သူတို့ကလည်း ပစ်တာပဲ။ လယ်ကွင်းထဲကို ဖြတ်ပြေးတဲ့ ရွာသားသုံးယောက်မှာ နှစ်ယောက်ကို ထိပါတယ်။ ဖားကြီးယဲကိုတော့ နောက်ကျောမှာ တည့်တည့်မှန်သွားတယ်။ သူကို နှစ်ချက်ထိတယ်။ ကျွန်တော့်ညီအငယ် ပ--- က လက်ဒဏ်ရာ ရခဲ့တယ်။ သူတို့မိတ်ဆွေတွေ သေနတ်မှန်တာကို ရပ်ကြည့်နေတဲ့ လူတွေလည်း နောက်ကျတော့ ထွက်ပြေးကြတယ်။ အဲ့ဒီတော့ သူတို့ကို စစ်သားတွေက လိုက်ပစ်တယ်။ ဗမာစစ်သားတွေက ပြောတယ်။ ပြေးရင် ပစ်မယ်။ အဲ့ဒီတော့ ပစ်တယ်။"

ကရင်လူအခွင့်အရေးအဖွဲ့ မှတ်တမ်းပြုစုသူမှ ရေးသားထားသော ထုတ်နှုတ်တင်ပြချက်အစီရင်ခံစာမှ ရွာသားတစ်ဦး၏ ကောက်နှုတ်တင်ပြချက်၊ ဘားအံခရိုင်၊ ကရင်ပြည်နယ်အလယ်ပိုင်း၊ (၁၉၉၇ ခုနှစ် စက်တင်ဘာလတွင် ထုတ်ဝေခဲ့သည်။)

- ကရင်လူအခွင့်အရေးအဖွဲ့၏ ၂၅ နှစ်တာ အစီရင်ခံ တင်ပြမှုတစ်လျှောက်လုံးတွင် စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများနှင့် လူအခွင့်အရေးချိုးဖောက်မှုများကို တပ်မတော်၊ DKBA (ဗုဒ္ဓ)နှင့် ထိုအဖွဲ့မှ အများအားဖြင့် အသွင်ကူးပြောင်းခဲ့သော တပ်မတော်လက်အောက်ခံ နယ်ခြားစောင့်တပ်များ ဖြစ်ကြပြီး ၎င်းတို့မှနေ၍ အရပ်သားများအား အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ အတင်းအဓမ္မ စစ်သားစုဆောင်းခြင်း၊ မြေမြှုပ်မိုင်းများအသုံးပြုခြင်းနှင့် ကျေးရွာများကို တိုက်ခိုက်ခြင်းစသည်တို့ကို ရည်ရွယ်ချက်ရှိရှိဖြင့် စနစ်တကျလုပ်ဆောင်ခဲ့ကြသည်။
- မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဆက်လက်၍ ဖြစ်ပွားနေသော စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများနှင့် လူမှုအသိုက်အဝန်းများကြား တပ်မတော်နှင့် နယ်ခြားစောင့်တပ်များ တည်ရှိနေခြင်းကြောင့် ရွာသားများမှာ မိမိတို့၏ ဘဝလုံခြုံမှုအတွက် ကြောက်ရွံ့နေသော အနေအထားတွင်ရှိပြီး ၎င်းတို့၏ တည်ရှိနေမှုများသည် အရွယ်ရောက်သူများအား တပ်သားသစ်စုဆောင်းခြင်း၊ အတင်းအဓမ္မ လုပ်အားပေးခိုင်းစေခြင်း၊ ကျေးရွာများကိုရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်ခြင်းနှင့် မြေမြှုပ်မိုင်းအန္တရာယ်များစသည်တို့ ဖြစ်ပေါ်စေသည်။
- တပ်မတော်နှင့် နယ်ခြားစောင့်တပ်များမှ သမိုင်းကြောင်းတစ်လျှောက် ကျူးလွန်ခဲ့မှုများအပြင် စစ်ဘက်ဆိုင်ရာတိုးချဲ့လုပ်ဆောင်မှုများနှင့် လူအခွင့်အရေးချိုးဖောက်မှုများ၏ သက်ရောက်မှုများကြောင့် တပ်မတော်နှင့် မြန်မာနိုင်ငံအစိုးရအပေါ် ရွာသားများ၏ ယုံကြည်မှုမှာ လွန်စွာအားနည်းလျက် ရှိနေသေးသည်။ ထို့အပြင်အခြားသော သက်ရောက်မှုအဖြစ် ရွာသားများသည် ဘဝရပ်တည်ရေးအတွက် အလွန်ခက်ခဲပင်ပန်းစွာ နှစ်ပေါင်း ၂၅ နှစ်ကျော် ရုန်းကန်ကြိုးစားခဲ့ကြရသည်။
- တပ်မတော်၊ နယ်ခြားစောင့်တပ်နှင့် DKBA (ဗုဒ္ဓ နှင့် အကျိုးပြု) တို့၏ လူအခွင့်ရေးချိုးဖောက်မှုများအား ရှောင်ရှားနိုင်ရန် ရွာသားများကျင့်သုံးသော နည်းလမ်းများတွင် ထိုအဖွဲ့အစည်းများနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးခြင်း၊ ထွက်ပြေးတိမ်းရှောင်ခြင်းနှင့် နေရပ်ပြောင်းရွှေ့နေထိုင်ခြင်းတို့ပါဝင်သည်။ ရွာသားများအနေဖြင့် ဒေသတွင်းရှိအာဏာပိုင်များမှတစ်ဆင့် သော်လည်းကောင်းတရားဥပဒေနှင့်အညီ သော်လည်းကောင်း ကာကွယ်စောင့်ရှောက်မှု ရရှိစေရန် ကြိုးစားမှုများရှိ သော်လည်း မိမိတို့အပေါ်ပြန်လည်တုံ့ပြန်မှုရှိမည်ကို ကြောက်ရွံ့နေကြရသောကြောင့် တရားမျှတမှုရရှိရန် ကြိုးပမ်းရာတွင် အတားအဆီးများ ရှိနေသေးသည်။

ဤဓာတ်ပုံကို ဖာပွန်ခရိုင်၊ လူသောမြို့နယ် ၂၀၀၂ ခုနှစ် ဇန်နဝါရီလတွင် ရိုက်ကူးထားပြီး ဖာပွန်ခရိုင် မ--- ကျေးရွာ အတွင်းရှိ သူမ၏ စပါးကျီးကို တပ်မတော် စစ်သားများမှ ၂၀၀၂ ခုနှစ်တွင်လာရောက် မီးရှို့ဖျက်ဆီးသွားပြီးနောက်ကျန်ရှိနေနိုင်သော စပါးအချို့ကို လာရောက်ရှာဖွေနေသော နော်စ--- ကို ဖော်ပြထားပါသည်။ မီးရှို့ဖျက်ဆီးခံရသည့် စပါးမှာ အတင်း ၅၀ ဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*

ဤဓာတ်ပုံကို ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်၊ ခခ--- ကျေးရွာမှ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၀ ရက်တွင် ရိုက်ကူးထားပြီး 'ဖြတ်လေးဖြတ်' ကာလကတည်းက ခခ--- ကျေးရွာတွင် ခန့်မှန်းခြေအရ မြေမြှုပ်မိုင်း ထိခိုက်ခံစားရသူ ၁၆ ဦး ရှိခဲ့ပြီးဟု တင်ပြသော ဦးအ---၏ ပုံဖြစ်ပါသည်။ အသက်ရှင်ရပ်တည်ရန် အခက်အခဲများ ရှိသောကြောင့် ၎င်းတို့သည် စားနပ်ရိက္ခာများ ရရှိရန်အတွက် ကန့်သတ်ထားသော ဒေသများဖြစ်သော တော တောင် များအတွင်း သို့ ဆက်လက်၍ သွားရောက်ရှာဖွေ ခဲ့ကြရသည်။ ထို့ကြောင့် သူတို့သည် မြေမြှုပ်မိုင်းများကို တက်နင်းမိသဖြင့် နာကျင်ခံစားခဲ့ကြရသည်။ မြေမြှုပ်မိုင်းထိခိုက်ခံစားရသူများမှ သုံးဦး (ယောက်ဖနှစ်ဦးနှင့် တူမတစ်ဦး) သည် ၎င်း၏ မိသားစုဝင် များ ဖြစ်ကြသည်။ *[ဓာတ်ပုံ- KHRG]*

အကြမ်းဖက်မှု။ ။ခြိမ်းခြောက်မှု၊ ကျား၊မအခြေပြု အကြမ်းဖက်မှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် သတ်ဖြတ်မှု

"တစ်ညလုံး အမျိုးသမီးတွေကို ဆွဲထုတ်ပြီး စစ်သားတွေက အမှုပြုကျင့်တာပဲ၊ သူတို့အလှည့်ကျ လုပ်တယ်။ တစ်ယောက်ကို စစ်သားတွေအများကြီးနဲ့ အလှည့်ကျ တစ်ညလုံးအမှုပြုကျင့်တယ်။ ကျွန်မလည်း အကျင့်ခံရတာပဲ။ အမှုပြုကျင့်ခံရပြီး အိပ်မယ်ဆိုရင် တခြားအမျိုးသမီးတွေ အော်တဲ့အသံတွေ အမြဲတမ်းကြားနေရတယ်။ အဲ့လိုတစ်ညလုံးလုပ်ပြီးရင် မနက်ကျတော့ ကျွန်မတို့ကို ပစ္စည်းတွေသယ်ခိုင်းပြီး တောင်ပေါ်မှာ ဆက်သွားရတယ်။ နော်အအ--- ဆိုတဲ့အမျိုးသမီးလေးကို ကျွန်မအရမ်းသနားတာပဲ။ သူမကိုဆိုရင် ညတိုင်း အမှုပြုကျင့်တယ်။ ပစ္စည်းတွေအလေးကြီးသယ်ဖို့အတွက်လည်း သူမကအရမ်းငယ်လွန်းတယ်။"

ဒေါ်အဒ--- (မ၊ ၃၂ နှစ်) ကျိုက်ထိုမြို့နယ်၊ သထုံခရိုင်၊ မွန်ပြည်နယ်မြောက်ပိုင်း၊
(၁၉၉၂ ခုနှစ် ဇန်နဝါရီလတွင် တွေ့ဆုံမေးမြန်းခဲ့သည်။)

- ပဏာမအပစ်အခတ်ရပ်စဲရေး နောက်ပိုင်းကာလများတွင် တပ်မတော်၊ နယ်ခြားစောင့်တပ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ကျူးလွန်သော တရားလက်လွတ်သတ်ဖြတ်မှုနှင့် နှိပ်စက်ညှဉ်းပန်းမှုများ သိသိသာသာလျော့ကျသွားခဲ့ပါသည်။ သို့သော်လည်း ရာဇဝင်နှင့်ချီ၍ ဖြစ်ပျက်ခဲ့သော ထိုကျူးလွန်မှုများကြောင့် ယနေ့တိုင် ဘဝလုံခြုံမှုမရှိသကဲ့သို့ ခံစားနေရလျက်ရှိသေးသည်။ ထို့အပြင် တပ်မတော်၊ နယ်ခြားစောင့်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ မြန်မာနိုင်ငံအစိုးရနှင့် ပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ကိုယ်ကျိုးအတွက် အကြမ်းဖက်ခြိမ်းခြောက်မှုများ ဆက်လက်ပြုလုပ် နေကြသည်။ ထိုခြိမ်းခြောက်မှုများသည် ဆိုးရွားပြီး အကြမ်းဖက်မှုများပါဝင်သဖြင့် ဒေသခံရွာသားများအနေနှင့် အကယ်၍ ထိုကျူးလွန်ခံရမှုများအား တိုင်ကြားခဲ့ပါက လက်တုံ့ပြန်ခံရမည်ကို အမြဲတစေ ကြောက်လန့်နေရသည့်အတွက် တရားမျှတမှုရရှိရန် အခွင့်အရေးကို လက်လွတ်ဆုံးရှုံးနေရသည်။
- ပဋ္ဌိပက္ခများ လျော့နည်းလာသော်လည်း ကျား၊မ အခြေပြုအကြမ်းဖက်မှုသည် သိသိသာသာ လျော့ကျသွားခြင်းမရှိသော အဖြစ်များသည့် အခွင့်အရေးချိုးဖောက်မှု တစ်ခုဖြစ်သည်။ အမျိုးသမီးများ အနေဖြင့် မိမိတို့၏ လူမှုအသိုက်အဝန်းများအတွင်း ဘဝလုံခြုံမှုမရှိကြောင်း ဆက်လက်တင်ပြကြသည်။ အကြောင်းမှာပဋ္ဌိပက္ခများ ဖြစ်ပွားနေစဉ်က လင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို စစ်ရေးအရ လက်နက်သဖွယ် အသုံးပြုခဲ့ကြပြီး ဤအကြမ်းဖက်မှုအား ဒေသခံရွာသားများအကြား ဆက်လက်ကျူးလွန်လျက် ရှိသောကြောင့် ဖြစ်သည်။ ထိုအမှုများကို အာဏာပိုင်များက အပြည့်အဝဖော်ထုတ်ခြင်းများ မရှိသကဲ့သို့ အပြစ်ကျူးလွန်သူများကို ထိရောက်သော အပြစ်ဒဏ်ပေးခြင်းများ မရှိသောကြောင့် အမျိုးသမီးများအတွက် တရားမျှတမှု မရှိကြောင်း တင်ပြကြသည်။

- ညှဉ်းပမ်းနှိပ်စက်မှုသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်၊ နယ်ခြားစောင့်တပ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက အမှုစစ်ဆေးရာတွင်သော်လည်းကောင်း၊ အပြစ်ပေးရာတွင်သော်လည်းကောင်း အသုံးပြုသောနည်းစနစ်တစ်ရပ်ဖြစ်ပြီးထို့အတွက်ကြောင့် တရားဥပဒေဘောင်ကို ကျော်လွန်သော အမှုပေါင်းများစွာ ဖြစ်ပွားစေခဲ့သည်။
- တရားစီရင်ရေးစနစ်ကို လက်လှမ်းမမှီခြင်းနှင့် တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ရာတွင် အားနည်းမှုများကြောင့် များစွာသောအကြမ်းဖက်မှုကိစ္စရပ်များတွင် ကျူးလွန်သူအား အပြစ်ပေးနိုင်ခြင်း မရှိသကဲ့သို့ ခံစားရသူများမှာ တရားမျှတမှုကို မရရှိကြပဲ ရေငုံနှုတ်ပိတ်နေကြရသည်။

ဤဓာတ်ပုံကို ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ရိုက်ကူးထားပြီး KNU အဖွဲ့ဝင်တစ်ဦး (ဘဦး) မှ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ၊ ၁၆ ရက်တွင် ဖြတ်တောက်ထားသော အင်းပင်ကို ဖော်ပြထားပါသည်။ ရွာသားများသည် ထိုအပင်မှ အရွက်များကို သွားကောက်စုသိမ်းနေသော အချိန်တွင် ဘဦးက ၎င်းတို့ကို ခြိမ်းခြောက်ခဲ့သည်။ ထို့အပြင် ဘဦးက ရွာသားများကို *"လာရဲတဲ့ကောင်ရှိရင် လာခဲ့ လာရင် အကုန်ပစ်သတ်မယ်"* ဟု ခြိမ်းခြောက်ခဲ့သည်။ ထို့ကြောင့် ရွာသားများ မေးမြန်းခဲ့သည်မှာ *"ဒီလက်နက်ကိုင် အဖွဲ့မှာ ခေါင်းဆောင်တစ်ယောက်မှမရှိတော့ဘူးလား၊ သူကတော့ ရွာမှာပဲနေပါတယ်ဒါပေမယ့်ဘယ်သူမှသူ့ကိုသွားမတိုင်ရဲကြဘူး။"* *[ဓာတ်ပုံ- KHRG]*

ဤဓာတ်ပုံသည် ၁၉၉၂ ခုနှစ်အတွင်း တပ်မတော်၏လက်အောက်တွင် ညှဉ်းပမ်းနှိပ်စက်မှုကို ခံခဲ့ရသည့် အမျိုးသမီးသုံးဦး ကို တွေ့ဆုံမေးမြန်းထားခြင်း ဖြစ်သည်။ ၎င်းတို့သည် ညှဉ်းပမ်းနှိပ်စက်ခံရသည့် ရှစ်ဦးထဲတွင် ပါဝင်သော အမျိုးသမီး သုံးဦး၏ပုံ ဖြစ်သည်။ ထိုညှဉ်းပမ်းနှိပ်စက်မှုတွင် မီးနဲ့တို့ခြင်း၊ ရိုက်နှက်ခြင်း၊ မျက်နှာကိုရေဖြင့်ပက်၍ အပြစ်ပေးခြင်းနှင့် ကိုယ့်ကျင်းကိုယ်တူးခိုင်းပြီး ထိုကျင်း၏ဘေးတွင် လဲလျောင်းခိုင်းခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ခြင်းများ စသည်တို့ကို ခံစားခဲ့ရသည်။ သူတို့ သည် နော်၀--- (အသက်၊ ၅၅ နှစ်)၊ နော်ဇ--- (အသက်၊ ၂၆ နှစ်)နှင့် နော်ယ--- (အသက်၊ ၄၀ နှစ်) တို့ဖြစ်ကြသည်။ *[ဓာတ်ပုံ- KHRG]*

ပညာရေး

"လောလောဆယ်မှာတော့ မြန်မာအစိုးရက သူတို့အနေနဲ့ ကရင်ဘာသာကို ဒေသခံ ကရင်ကျောင်းတွေမှာ သင်ခွင့်ပြုမယ်လို့ပြောတာ ကျွန်တော်တို့ တွေ့ရတယ်။ သူတို့ပြောတာတော့ ကရင်ဘာသာကို စာသင်ခန်းတွေထဲမှာသင်ပေးမယ်။ အချိန်ပိုအတန်းမဟုတ်ဘူး [ကျောင်းချိန်ပြင်ပမှာမဟုတ်ဘူး]။ အဲ့လိုပြောပေမဲ့လည်း ကျွန်တော်တို့ ကောင်းကောင်းတွေ့နေရတာကတော့ ဆရာတွေက ကရင်ဘာသာကို စာသင်ခန်းတွေထဲမှာ မသင်ဘူး။"

ကရင်လူအခွင့်အရေးအဖွဲ့၏ သတင်းမှတ်တမ်းပြုစုသူမှ ရေးသားထားသော ဒေသတွင်း နောက်ဆုံးရ အခြေအနေတင်ပြချက်၊ မြိတ်-ထားဝယ်ခရိုင်/တနင်္သာရီတိုင်းဒေသ၊ (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် လက်ခံရရှိခဲ့သည်။)

- ၂၅နှစ်ကျော်ကာလအတွင်း ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာရသည့် နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် လွတ်လပ်စွာ သွားလာခွင့်အားကန့်သတ်ပိတ်ပင်မှုများကြောင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများအနေဖြင့် ပညာသင်ကြားနိုင်ရန် အခွင့်အရေး ဆုံးရှုံးခဲ့ရပြီး ပညာရေး အဆင့်အတန်းမှာလည်း နိမ့်ကျခဲ့ရသည်။ မကြာသေးမီက ရေးထိုးခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များနှင့် မြန်မာနိုင်ငံအစိုးရ၏ နိုင်ငံသားအားလုံး ပညာသင်ခွင့် အခွင့်အရေးများ ပိုမိုရရှိလာစေရန် နိုင်ငံတော်၏ဘဏ္ဍာကို ပိုမိုသုံးစွဲလာခဲ့သော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကလေးများမှာ ငွေကြေးမတတ်နိုင်မှု၊ မိမိတို့ကျေးရွာများနှင့် အလုပ်ဝေးမှုများကြောင့် အဆင့်မှီ ပညာသင်ကျောင်းများတွင် သင်ယူနိုင်ခွင့် နည်းပါးလျက်ရှိသည်။
- ငွေကြေးခက်ခဲမှု၊ စားဝတ်နေရေးအတွက် ရုန်းကန်နေရမှုများကြောင့် ရွာသားများအနေဖြင့် ပညာရေးအတွက် အခက်အခဲ အတားအဆီးများ ကြုံတွေ့နေကြရသည်မှာ နှစ်ပေါင်း ၂၅ နှစ်ကျော် ကြာမြင့်ခဲ့ပြီးဖြစ်သည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိကလေးများအတွက်မူ တရားဝင်နှင့် တရားမဝင်ပေးရသော ကျောင်းစရိတ် ကုန်ကျငွေများကြောင့် အခမဲ့မသင်မနေရ မူလတန်းပညာရေးမှာ လက်လှမ်းမမှီ ဖြစ်နေကြသည်။ ပဋိပက္ခများဖြစ်ပွားနေစဉ် ကာလများတွင် ရွာသားများကို

ပညာရေးစရိတ်အတွက် သီးသန့်ငွေကြေးကောက်ခံမှုများ မကြာခဏရှိခဲ့ပြီး ထိုပမာဏသည် ရွာသားများအနေဖြင့် တတ်နိုင်သည်ထက် ပိုမိုများပြားခဲ့သည်။ အလယ်တန်းနှင့် အထက်တန်းပညာရေးများအား အထူးသဖြင့် လက်လှမ်းမမှီနိုင်သော အခြေအနေများ ရှိရခြင်းမှာ ကျောင်းများလုံလောက်မှုမရှိခြင်းနှင့် ကျောင်းကုန်ကျစရိတ်များ ပိုမိုမြင့်မားသည့် အတွက်ကြောင့် ဖြစ်သည်။ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်နှင့် အစားအသောက် လောက်ငှမှု မရှိသည့် အခြေအနေအား တွေ့ကြုံနေရသော ရွာသားအများစုအတွက် ထိုကုန်ကျစရိတ်များမှာ ကြီးမားသော ငွေရေးကြေးရေး ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုပင်ဖြစ်သည်။

- လူနည်းစုတိုင်းရင်းသားများ၏ ကိုယ်ပိုင်အမျိုးသားစာပေအား သင်ကြားနိုင်ခွင့်မှာ ရွာသားများအတွက် အဓိက ဖြစ်သည်။ ၂၀၁၄ ခုနှစ်မှစတင်၍ ကရင်စာပေဘာသာစကားနှင့် ယဉ်ကျေးမှုကို မြန်မာနိုင်ငံအစိုးရကျောင်းများတွင်သင်ကြားခွင့်ပြုသော်လည်း ပုံမှန်ကျောင်းချိန်များပြီးမှသာ သင်ယူခွင့်ရပြီး ရွာသားများက ရန်ပုံငွေ ထောက်ပံ့ပေးရသည်။ ရွာသားများ၏ ထွက်ဆိုချက်များအရ အမျိုးသားယဉ်ကျေးမှု လက္ခဏာများအား ထိန်းသိမ်းရန် ကျောင်းများတွင်ကရင်အမျိုးသားသမိုင်းကြောင်း၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဘာသာစကားများကို သင်ကြားခြင်းမှာအရေးကြီးကြောင်းဖော်ပြထားပါသည်။ ပဋိပက္ခဖြစ်ပွားနေစဉ် ကာလများက တပ်မတော်မှ ကရင်ပညာရေးကျောင်းများကို ပစ်မှတ်ထား၍ အမေ့ပိတ်စေခြင်း သို့မဟုတ် အစိုးရသင်ရိုးညွှန်းတမ်းများကိုပြောင်းလဲသင်ကြားစေခြင်းများအား အတင်းအကျပ် ပြုလုပ်ခဲ့သည်။
- ရာဇဝင်နှင့်ချီ၍ ဖြစ်ပျက်ခဲ့သည့် မဖြေရှင်းနိုင်သေးသော ပဋိပက္ခများနှင့် မြန်မာနိုင်ငံအစိုးရ၏ ပညာရေးစနစ်နှင့်ပတ်သက်ပြီး ဆိုးရွားသော အတွေ့အကြုံများကြောင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများအနေဖြင့် မြန်မာနိုင်ငံအစိုးရ သာမက အစိုးရ၏ကျောင်းဆရာများကိုပါ အယုံအကြည်မရှိခဲ့ကြပေ။ ထိုသို့ အယုံအကြည်မရှိခြင်းများအပြင် ထိုကျောင်းဆရာများ၏ အလုပ်အပေါ် အလေးထားမှုနှင့် ၎င်းတို့သင်ကြားသောပညာရေးစနစ်အပေါ် ရွာသားများအနေဖြင့် မေးခွန်းထုတ်စရာများ ရှိခဲ့သည်။

"ကျွန်တော်တို့ကလေးတွေက ကျောင်းမှာ သူတို့တွေရဲ့ မိခင်ဘာသာစကားကို ကျောင်းတွေမှာ လေ့လာသင်ယူခွင့်မရှိတဲ့အတွက်ကြောင့် အခုလက်ရှိမှာ သူတို့တွေက အဲ့ဒီဘာသာစကားကို မပြောတတ်တော့သလို ရေးလည်းမရေးတတ်တော့ပါဘူး။ ကျွန်တော်တို့ရဲ့ စာပေယဉ်ကျေးမှုတွေဟာ ဖျက်ဆီးခံရပါတယ်။ ဗမာတွေက ကျွန်တော်တို့တွေကို ဒီလိုနည်းလမ်းနဲ့ တိုက်ကြတယ်။"

စောဖအ--- (ကျား) ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းမှတ်တမ်းပြုစုသူမှ ရေးသားထားသော ထုတ်နှုတ်တင်ပြချက် အစီရင်ခံစာ၊ ခလယ်လာ ရွှေ့ပြောင်းနေရာချထားရာနယ်မြေ၊ ထန်းတပင်မြို့နယ်၊ တောင်ဘူခရိုင်/ ကရင်ပြည်နယ်မြောက်ပိုင်း၊ (၂၀၀၀ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေခဲ့ပါသည်။)

၁၉၉၉ ခုနှစ် ဒီဇင်ဘာလ/ ၂၀၀၀ ခုနှစ် ဇန်နဝါရီလများတွင် တပ်မ (၆၆) မှ ကျေးရွာများနှင့် ကျောင်းများကိုမီရှိ,ဖျက်ဆီးခဲ့ပြီးနောက်ဖာပွန်ခရိုင်၊ လူသောမြို့နယ်အနောက်ဘက်ပိုင်းရှိ ရွာသုံးရွာမှ အချို့ကျောင်းသားများ အားကျေးရွာကျောင်း ဆရာတစ်ယောက်မှ တောတောင်ထဲတွင် စာသင်ကြားပေးခဲ့သည်ကို ဖော်ပြထားသည်။ *[ဓာတ်ပုံ- KHRG]*

ကျောင်းသားများသည် ဖာပွန်ခရိုင်ရှိ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည် စခန်းတွင် ၎င်းတို့၏ စာသင်နှစ် ပြီးဆုံးသွားသောကြောင့် မိမိတို့၏နေအိမ်များ သို့ ပြန်လာခဲ့ပါသည်။ ဤပုံသည် ၂၀၀၉ ခုနှစ်၊ မတ်လ ၂၀ ရက် တွင် တပ်မတော်၏ထိန်းချုပ်မှုအောက်တွင်ရှိသောကားလမ်းမပေါ်တွင်ကျောင်းသားများလျှင်မြန်စွာ ဖြတ်ကူးနေစဉ် KNLA မှ လုံခြုံရေးအတွက်တာဝန်ယူနေရသည်ကိုဖော်ပြထားပါသည်။ ပညာရေးကျောင်းအဆောက်အဦးများနှင့် လုံခြုံမှုများ နည်းပါးခြင်း များကြောင့် ဤကျောင်းသားများမှာ ကျောင်းများသို့ရောက်ရှိနိုင်ရန်အတွက် ဤကဲ့သို့အန္တရာယ်ရှိသော ခရီးကို ဖြတ်ကျော်နေကြရပါသည်။ ထိုအခြေအနေမျိုးသည် တပ်မတော်ထိန်းချုပ်မှု နယ်မြေမဟုတ်သော ဒေသများတွင် ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*

ကျန်းမာရေး

- ကရင်လူ့အခွင့်အရေးအဖွဲ့၏ ၂၅ နှစ်ကာလတစ်လျှောက် အစီရင်ခံစာများတွင် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေးမှာလည်း အဓိကပြဿနာဖြစ်သည်။ ၁၉၉၀ ခုနှစ် မှ ၂၀၀၀ ခုနှစ် ကာလများအတွင်း လွတ်လပ်စွာသွားလာခွင့်အား ကန့်သတ်ပိတ်ပင်ခြင်းနှင့် ဆေးဝါးပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှုများကို ပိတ်ပင်တားဆီးမှုများ ပြုလုပ်ခြင်းအားဖြင့် ရွာသားများမှ ကျန်းမာရေးစောင့်ရှောက်မှု မရရှိစေရန် တပ်မတော်မှ ရည်ရွယ်ချက်ရှိရှိ ပြုလုပ်ခဲ့သည်။ ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန်အတွက် ယခင်က ကြုံတွေ့ရသော အခက်အခဲများမှာ ပဋ္ဌိပက္ခနှင့် ဆက်စပ်နေသော အတားအဆီးများဖြစ်ပြီး ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး ကာလနောက်ပိုင်းတွင် ရင်ဆိုင်ရသည့် အခက်အခဲများမှာ အခြေခံအဆောက်အဦးများဖြစ်သည့် လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ ဝေးလံသောဒေသများတွင် ကျန်းမာရေး စောင့်ရှောက်မှုဌာနများ မရှိသော အခက်အခဲများ အသွင်သို့ ပြောင်းလဲသွားသည်။
- ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များအနေနှင့် မိမိတို့ပုန်းအောင်းနေသော နေရာများမှ ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမမှီခြင်း၊ ဆေးဝါးအထောက်အပံ့များ မရနိုင်ခြင်းတို့အား ဆိုးရွားစွာ ခံစားကြရသည်။ ရွာသားများ၏ လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်ပိတ်ပင်မှုကြောင့် ဖျားနာမှုများ၊ အာဟာရချို့တဲ့မှုနှင့် ရောဂါများကြောင့် ခန့်မှန်းခြေအရ သေဆုံးသောလူဦးရေမှာ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက တိုက်ရိုက်နှိပ်စက်၊ အကြမ်းဖက်မှုများကြောင့် သေဆုံးသော လူဦးရေထက် ပို၍ များပြားခဲ့သည်။
- ကျန်းမာရေးစောင့်ရှောက်မှုဌာနများ ရရှိလာသောအခါတွင်လည်း ဝန်ထမ်းမလုံလောက်မှု၊ ဆေးဝါးမလုံလောက်မှုနှင့်ဆေးခန်းဖွင့်ချိန်များ ပုံမှန်မရှိကြောင်းကို လူနာများမှ တင်ပြခဲ့ကြပါသည်။ ထို့အတူ အထူးသဖြင့် ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး နောက်ပိုင်း ရရှိလာသော ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းနှင့် ပတ်သက်၍ မကျေနပ်မှုများ ရှိကြောင်း ရွာသားများမှ တိုင်ကြားမှုများ ရှိသည်။ ကျန်းမာရေးဝန်ထမ်းများ၏ လေးစားမှုမရှိခြင်း၊ သုံးစွဲရန်ထုတ်ပေးသော ဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးနှင့် ပတ်သက်ပြီး ရှင်းလင်းပြောဆိုမှု အားနည်းခြင်းနှင့် ဆေးကုသရန် ငြင်းဆိုခြင်းများအား ရွာသားများမှ တွေ့ကြုံခံစားကြရသည်။
- ရရှိနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု၏ ဝန်ဆောင်မှုအဆင့်အတန်းမှာ အထူးသဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် ကရင်လူ့အခွင့်အရေးအဖွဲ့မှ အစီရင်ခံ တင်ပြခဲ့သော ၂၅ နှစ်တာ ကာလအတွင်း နိမ့်ကျနေဆဲဖြစ်ကြောင်း ဖော်ပြထားပါသည်။ ရွာသားများအနေဖြင့် တိုင်းရင်းဆေးဆရာများ၊ တိုင်းရင်းဆေးများကို အထူးသဖြင့် ပဋ္ဌိပက္ခဖြစ်နေသော အချိန်ကာလများအတွင်းက အားကိုးခဲ့သည့်နည်းတူ လက်ရှိအချိန်တွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုမရနိုင်သော၊ ဝန်ထမ်းများမရှိသော၊ ဆေးဝါးထောက်ပံ့မှု မရနိုင်သောဒေသများတွင်လည်း ဆက်လက်အားကိုးလျက်ရှိနေသေးသည်။
- အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုရှိသော်လည်း ကျန်းမာရေးအတွက် ငွေကြေးလိုအပ်မှုမှာ အဓိကအခက်အခဲ တစ်ရပ်အဖြစ် တည်ရှိနေသေးသည်။ တပ်မတော်၊ နယ်ခြားစောင့်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သည့် ငွေကြေးခြောက်လန့်တောင်းယူမှုများနှင့် ရွာသားများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် အချိန်မရှိခြင်း စသည့်အကြောင်းများကြောင့် ရွာသားများမှာ ငွေကြေးလုံလောက်လောက်မှုမရှိသည့်အပြင် အခြေခံလိုအပ်သည့် ဆေးဝါးများကိုဝယ်ယူရန်ပင် ဆေးဖိုးဝါးခမရှိသည့်အခြေအနေအထိ ငွေရေးကြေးရေးဆိုင်ရာ အခက်အခဲများအား ကြုံတွေ့နေကြရသည်။ လူ့အခွင့်အရေး အခြေအနေများနှင့်ပတ်သက်၍ တစ်ဖက်တွင် တိုးတက်မှုများ ရှိနေသော်လည်း ရွာသားများ၏ တင်ပြချက်အရ အထူးသဖြင့် ဆေးရုံသို့သွားရောက်ရန် ခရီးစရိတ်နှင့် ဆေးဖိုးဝါးခ စသည့်ငွေကြေးဆိုင်ရာ အခက်အခဲများနှင့် ပိုမိုဆင်းရဲသော လူနာများအား ကုသရန်ငြင်းဆန်သော ဆေးရုံဝန်ထမ်းအချို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုအား လက်လှမ်းမမှီနိုင်မှုများ ရင်ဆိုင်ရလျက်ရှိသေးကြောင်းသိရှိရသည်။

ဤဓာတ်ပုံကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၉ ရက်တွင် သမိန်ဒွတ်ကျေးရွာ၊ သမိန်ဒွတ်ကျေးရွာအုပ်စု၊ကောကရိတ်မြို့နယ်၊ ဒုံးပလာယာခရိုင်မှ ရိုက်ကူးထားပြီး မြန်မာအစိုးရကျန်းမာရေး စောင့်ရှောက်မှုပေးသောအဖွဲ့မှ ဆောက်လုပ်ပေးထားသော ဆေးခန်းတစ်ခုကို ဖော်ပြထားပါသည်။ သို့သော်လည်း ဆေးဝါးများနှင့် ကျန်းမာရေးဝန်ထမ်းများ ရောက်ရှိလာခြင်း မရှိခြင်းမှာ ဤဆေးခန်း ဆောက်လုပ်ခဲ့သည့်အချိန်ကတည်းကပင် ဖြစ်သည်။ ဤအချက်များကြောင့်၊ ရွာသားများမှာ ထိုဆေးခန်းများကိုအသုံးပြုနိုင်ခဲ့ခြင်း မရှိခဲ့ပါ။ *[ဓာတ်ပုံ- KHRG]*

ဤဓာတ်ပုံသည် ၁၉၉၄ ခုနှစ်တွင် ပေါ်တာတစ်ယောက်အဖြစ်မှ ရှောင်ရှားရန် ထွက်ပြေးလာသောကြောင့် တပ်မတော် လက်ဖြောင့်တပ်သားတစ်ဦးက အနောက်မှ ပစ်ခတ်ခဲ့ခြင်းကို ခံခဲ့ရသော ဖာပွန်ခရိုင် ရွာသားတစ်ယောက်၏ ပုံဖြစ်သည်။ ဤပုံတွင် ၎င်း၏ ညာဘက်ပေါင် အနောက်ပိုင်းတွင် ကျည်ဆံဝင်သွားခဲ့ပြီး ပေါင်၏အရှေ့ပိုင်းပွင့်ထွက်သွားခဲ့သည်။ ထိုဒဏ်ရာကို ကုသရာတွင် မေ့ဆေးမပေးပဲ အစိမ်းလိုက်ချုပ်ရသည်။ သူ၏ ပတ်တီးမှာ ဝါးခြမ်းပြားကို အဝတ်စုတ်ဖြင့်ပတ်ထားသော ပတ်တီးတစ်ခုသာ ဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*

လုယက်မှု၊ ခြောက်လန့်တောင်းယူမှု၊ တရားလက်လွတ် အခွန်ကောက်ခံမှု

- အခွန်ကောက်ခံမှုများတွင် မရှင်းလင်းမှုနှင့် မတရားမှုများ ရှိနေပြီး အမျိုးမျိုးသော လုပ်ဆောင်သူအများအပြား များဖြစ်သည့် တပ်မတော်၊ နယ်ခြားစောင့်တပ် နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကဲ့သို့သော အဖွဲ့များ၏ အခွန်ကောက်ခံမှုကို ၎င်းတို့အနေဖြင့် အကြိမ်ကြိမ် ပေးဆောင်နေကြရသည်ဟု ရွာသားများမှ တင်ပြခဲ့ကြသည်။ ၎င်းတို့၏ အဆိုအရ ပေးဆောင်ရသော အခွန်များမှာ ဝင်ငွေနှင့် အချိုးမညီမျှမှုများကြောင့် ငွေကြေးအခက်အခဲများ ထပ်ဆင့်ကြုံတွေ့ကြရသည်။ ထို့အပြင် ရွာသားများအနေဖြင့် ပဋိပက္ခဖြစ်စဉ် ကာလများက တပ်မတော်နှင့်နယ်ခြားစောင့်တပ်များ၏ မတရားခြိမ်းခြောက်တောင်းယူမှုများကို ခံစားခဲ့ရပြီး မတန်တဆပေးရသော အခွန်ငွေများကြောင့် မြန်မာနိုင်ငံအစိုးရ၏ အခွန်ကောက်ယူမှုစနစ်ကို ဆက်လက်၍ အယုံအကြည် ကင်းမဲ့လျက်ရှိသည်။
- လုပ်ဆောင်သူအများအပြား များဖြစ်သော တပ်မတော်၊ နယ်ခြားစောင့်တပ်အဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ စစ်ဆေးရေး ဂိတ်များ ဆက်လက်တည်ရှိနေခြင်းသည် ရွာသားများ၏ ကုန်သွယ်မှု၊ လွတ်လပ်စွာသွားလာခွင့်၊ အခြေခံကုန်ပစ္စည်းများအားရရှိနိုင်မှုနှင့် စီးပွားရေးလုပ်ကိုင်ခြင်းများအတွက် အဓိကကျသော ကန့်သတ်မှုများဖြစ်သည်။ ထို့အပြင် ထိုလက်နက်ကိုင်များ၏ စစ်ဆေးရေးဂိတ်များ ရှိနေခြင်းကြောင့် ရွာသားများတွေ့ကြုံခံစားနေရသော လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သည့် ခြိမ်းခြောက်မှုများ၊ တရားလက်လွတ်ဖမ်းဆီးမှုများ၊ အကြမ်းဖက်မှုများ၊ တရားလက်လွတ် ဖမ်းဆီးချုပ်နှောင်မှု များအားပိုမိုတိုးပွားလာစေသည်။
- ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး မတိုင်မီကာလများက လုယက်ခြင်း၊ ခြောက်လန့်တောင်းယူခြင်းများကို အများဆုံးကျူးလွန်သူမှာ တပ်မတော်ဖြစ်ပြီး ရွာသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပစ်မှတ်ထား၍ လုပ်ဆောင်ခဲ့ကြသည်။ လက်နက်ကိုင်ပဋိပက္ခများတွင် လုယက်ခြင်းနှင့် ခြောက်လန့်တောင်းယူခြင်းတို့အား အခြားအခွင့်အရေးချိုးဖောက်မှုများနှင့် ပေါင်းစပ်လိုက်သောအခါ ဖြစ်ပေါ်လာသော အကျိုးဆက်များကြောင့် ရွာသားများအနေဖြင့် ဘေးလွတ်ရာသို့ တိမ်းရှောင်ရန် နည်းလမ်းကို ရွေးချယ်ခဲ့ကြရသည့်အခြေအနေသို့ ရောက်ရှိခဲ့ကြသည်။
- ခြောက်လန့်တောင်းယူခြင်းနှင့် ပတ်သက်၍ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးကာလနောက်ပိုင်းတွင် လျော့နည်းသွားသည်ဟု ဆိုသော်လည်း အာဏာရှိသော အဖွဲ့အစည်းများ ဖြစ်ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်၊ နယ်ခြားစောင့်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ကျူးလွန်ခဲ့သော ထိုပြဿနာများ အပေါ်တွင် ရွာသားများအနေဖြင့် တရားဥပဒေအရ အရေးယူဖြေရှင်းနိုင်ရန် အတားအဆီးများ ရှိနေသေးသည်။

ဤဓာတ်ပုံသည် ရွာသားများနှင့် အတိုက်အခံအင်အားစုများကို အစာငတ်စေရန်ရည်ရွယ်ပြီး ရိတ်သိမ်းထားပြီးသားလယ် ကွင်းကို နဝတ (တပ်မတော်) မှ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ တောင်ဂူခရိုင်တွင် မီးရှို့ဖျက်ဆီးထားသည် ကိုရိုက်ကူးထား သောပုံဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*

ဤဓာတ်ပုံကို တောင်ဂူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ စည်ပင်ကလေးကျေးရွာအုပ်စု၌ ၂၀၁၆ခုနှစ် အောက်တိုဘာ ၁၄ ရက်နေ့က ရိုက်ယူထားခြင်းဖြစ်သည်။ ဤပုံတွင် KNU စစ်ဆေးရေးဂိတ်များပါရှိပြီး ရွာများ သို့အသီးအနှံများနှင့် စားစရာများသွားရောက်ရောင်းချနေသော ဆိုင်ကယ်များကို KNU မှ စစ်ဆေးနေသောနေရာဖြစ်သည်။ အဆိုပါ KNU စစ်ဆေးရေးဂိတ်များသည် လုံခြုံရေးနှင့်မူးယစ်ဆေးများကိုအဓိကထားစစ်ဆေးခြင်းဖြစ်သည်။ ဓာတ်ပုံတွင်ရွာများ၌ ရောင်းချရန် အရပ်သားများသယ်ဆောင်လာသော အရက်ပုလင်းများကို KNU အခွန်ကောက်ခံသူတစ်ဦးမှ ရိုက်ခွဲဖျက်ဆီးနေပုံဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*

ဖွံ့ဖြိုးရေးစီမံကိန်းများ

"အပစ်ရပ်ပြီးတဲ့နောက် ကုမ္ပဏီတွေက ဝင်လာတော့ ကျွန်တော်တို့တွေ ဒီမြေကနေထွက်သွားပေးရမလိုဖြစ်ပြီး စိန်ခါမှုတွေက ပိုပိုများလာတယ်။ ကျွန်တော်တို့က လယ်သမားတွေဆိုတော့ ဒီအလုပ်မှမလုပ်ရင် ကျွန်တော်တို့ဘာကိုလုပ်ရမှာလဲ။ သူတို့က ကျွန်တော်တို့မြေပေါ်မှာ စီးပွားရေးလုပ်ငန်းတွေလာလုပ်ရင် ကျွန်တော်တို့က ဘယ်မှာသွားနေရမှာလဲ။ တနေ့ကျရင် ကျွန်တော်တို့နောက်မျိုးဆက်တွေက ကျွန်တော်တို့ဝေလေ့ထုံးစံတွေကို သိတော့မှာမဟုတ်ဘူး။ ဒီလိုသာ ဆက်တိုက်ကြာရှည်ဖြစ်နေရင် ကရင်လူမျိုးတွေကုန်သွားလိမ့်မယ်။ ပြီးတော့ လူငယ်တွေလည်း သဘာဝပတ်ဝန်းကျင်ကို မြင်တွေ့ရဘို့ အခွင့်အရေးရှိတော့မှာ မဟုတ်ဘူး။ ဒီလိုသာဆက်ဖြစ်နေရင် ကျွန်တော်တို့ဘဝအတွက် ပျော်ရွှင်မှုရှိတော့မှာမဟုတ်ဘူး။ ပိုပြီးစိန်ခေါ်မှုတွေများလာလိမ့်မယ်။"

စောပပ--- (ကျား၊ ၃၇ နှစ်) အ---ရွာ၊ ဝင်းရေးမြို့နယ်၊ ဒူးပလာယာခရိုင်၊ ကရင်ပြည်နယ်တောင်ပိုင်း
(၂၀၁၆ ခုနှစ် နိုဝင်ဘာတွင် တွေ့ဆုံမေးမြန်းခဲ့သည်။)

- အပစ်အခတ်ရပ်စဲရေးနောက်ပိုင်း လက်နက်ကိုင်ပဋိပက္ခများ လျော့နည်းလာခဲ့သောအခါ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ လုပ်ဆောင်ရန် အကြောင်းပြု၍ ရွာသားများ၏ မြေယာများကို တပ်မတော်မှ အင်အားသုံးမတရားသိမ်းပိုက်ခြင်းများ လျော့ကျလာခဲ့သည်။ ထို့အပြင် ကြီးမားသောစီမံကိန်းများကို အကောင်အထည်ဖော်ရန် အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုများ ရပ်ဆိုင်းသွားခဲ့သည်။ သို့သော်လည်း ရွာသားများအနေဖြင့် ဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပတ်သက်ပြီး အကြမ်းမဖက်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ရင်ဆိုင်နေကြရသည်။ ဥပမာအားဖြင့် ၎င်းတို့၏ လယ်ယာများကို အဓမ္မသိမ်းယူခြင်းနှင့် ထိခိုက်ပျက်စီးစေခြင်း စသည်တို့ကြောင့် ဘဝရပ်တည်မှု အခက်အခဲများ ဆက်လက်ဖြစ်ပေါ်စေပြီး စားနပ်ရိက္ခာ မဖူလုံမှု၊ အလုပ်အကိုင်ဆုံးရှုံးမှုများအပြင် မိမိတို့၏ မြေယာများ ဆုံးရှုံးမှုကြောင့် ဘဝရပ်တည်ရန် ခက်ခဲသည့်အတွက် ဖြစ်ပေါ်လာသော ငွေကြေးအခက်အခဲများနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ခံစားကြရသည်။
- တပ်မတော်၊ နယ်ခြားစောင့်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏အထောက်အပံ့ဖြင့် လုပ်ဆောင်နေသော ပုဂ္ဂလိကကုမ္ပဏီများ၏ ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် ပတ်သက်ပြီး ရွာသားများက ထုတ်ဖော် တိုင်ကြားမှုများ ပြုလုပ်ကြသည်။ ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်မဖော်မှ များသောအားဖြင့် ရွာသားများအား ဆွေးနွေးတိုင်ပင်ခြင်း မရှိခဲ့ပါ။ ထို့အတူ ၎င်းတို့၏ ဆုံးရှုံးသွားသော လယ်ယာ၊ ပိုင်ဆိုင်မှု၊ စားဝတ်နေရေးလုပ်ငန်းများ စသည်တို့နှင့်ပတ်သက်ပြီး ထိုက်တန်သော လျော်ကြေးငွေများ လုံးဝမရရှိသလောက်ပင် ဖြစ်သည်။ ထို့အတွက်ကြောင့် ရွာသားများအနေဖြင့် ယခင် စစ်အစိုးရ အာဏာရှိခဲ့ချိန်က တပ်မတော်၊ နယ်ခြားစောင့်တပ်နှင့် ပုဂ္ဂလိကကုမ္ပဏီများမှ မတရားသိမ်းယူထားသော မြေများနှင့်

ပတ်သက်ပြီးမိမိတို့၏ လယ်ယာမြေများကို ပြန်လည်ရယူရန်နှင့် ထိုက်တန်သော လျော်ကြေးငွေများ ရရှိရန်အတွက် ထိုပုဂ္ဂလိကကုမ္ပဏီများနှင့် ဥပဒေကြောင်းအရ ထိပ်တိုက်ရင်ဆိုင်ခြင်းများအား အရဲစွန့်ပြီး လုပ်ဆောင်ကြသည်။

- မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲများအရ ရွာသားများသည် ဖွံ့ဖြိုးရေးစီမံကိန်းများကို အကြောင်းပြု၍ သိမ်းဆည်းခံရသော မိမိတို့၏ လယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် နည်းလမ်းပေါင်းစုံ အသုံးပြုပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာခဲ့ကြသည်။ ထိုသို့ လုပ်ဆောင်မှု နည်းလမ်းများတွင် အာဏာရှိသူများထံ တိုင်ကြားခြင်း၊ ထိပ်တိုက်ဖြေရှင်းခြင်း၊ ဆန္ဒပြခြင်း၊ လျော်ကြေးငွေများ တောင်းဆိုခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းများ ပါဝင်သည်။ ဤလုပ်ရပ်များမှာ စစ်အုပ်ချုပ်ရေးကာလ အတွင်းကဆိုလျှင် မဖြစ်နိုင်ရုံမျှမက တရားလက်လွတ်ဖမ်းဆီးခံရခြင်း၊ နှိပ်စက်ခံရခြင်းနှင့် တခြားသောအခွင့်အရေး ချိုးဖောက်မှုအမျိုးမျိုးဖြင့် ရင်ဆိုင်ရနိုင်သည်။
- ဖွံ့ဖြိုးရေး စီမံကိန်းများ လုပ်ဆောင်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ နယ်ခြားစောင့်တပ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နှင့် ပုဂ္ဂလိက ကုမ္ပဏီများပါဝင်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများ အတွက်ရွာသားများမှ တရားမျှတမှု ရှာဖွေရာတွင် အဟန့်အတားဖြစ်စေရန်နှင့် ၎င်းတို့အနေဖြင့် တာဝန်ယူမှု တာဝန်ခံမှုအား ရှောင်လွှဲနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ကြသည်။ ပုဂ္ဂလိကကုမ္ပဏီများသည် များသောအားဖြင့် ယခင်တပ်မတော်၊ နယ်ခြားစောင့်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အရာရှိဟောင်းများ ပိုင်ဆိုင်ထားသည်ဟု ရွာသားများမှ တင်ပြထားသည်။ ထို့အပြင် ပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့် ရွာသားများအပေါ် ဥပဒေနှင့် မညီသည့် အခွင့်အရေးချိုးဖောက်မှုများ လုပ်ဆောင်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်၊ နယ်ခြားစောင့်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အကာအကွယ်များ ရရှိလေ့ရှိသည်။
- မကြာသေးမီ နှစ်များက စတင်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံတကာနှင့် ဒေသတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အခြား လူသားချင်းစာနာထောက်ထားမှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေး လုပ်ဆောင်နေသူများက မိမိတို့၏ စီမံကိန်းများကို မြန်မာပြည်အရှေ့တောင်ပိုင်းအထူးသဖြင့်မြန်မာနိုင်ငံအစိုးရ၏ လက်လုမ်းမမှီနိုင်သော ဝေးလံခေါင်ဖျားသော အရပ်ဒေသများတွင် တိုးချဲ့လုပ်ဆောင်လာခဲ့ကြသည်။ ၎င်းတို့၏ ဆောင်ရွက်မှုများသည် လူသားချင်းစာနာမှု အထောက်အပံ့များအပြင် အသက်မွေးဝမ်းကျောင်း သင်တန်းများ၊ ရေနှင့်လျှပ်စစ်ရရှိရေး၊

ဤဓာတ်ပုံကိုတောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့က ရိုက်ကူးထားခြင်းဖြစ်သည်။ ထိုဓာတ်ပုံသည် သောက်ရေခပ်-၂ ဆည်ဟုအမည်တွင်သော ထုံးဘိုဆည် ကိုပြသထားသည်။ ထုံးဘိုဆည်စဆောက်စဉ်အခါက နအဖ (တပ်မတော်/မြန်မာနိုင်ငံအစိုးရ) မှ ရွာသားများအား အဓမ္မလုပ်အားပေးအဖြစ်အသုံးပြုခဲ့ပြီး ထိုဆည်ဆောက်လုပ်မှုကြောင့်လည်းရွာ သားများ၏မြေယာများ အစဉ်တစိုက်ဆုံးရှုံးခဲ့ကြရသည်။ အစိုးရအာဏာပိုင်များထံတိုင်ကြားစာများပေးပို့ခဲ့သော်လည်း ၂၀၀၈ ခုနှစ်တွင် အစိုးရနှင့်မိတ်ဖက်ပြု၍ဆည်ဆောက်လုပ်ရေးကို တာဝန်ယူခဲ့သော ရွှေစွမ်းအင်ကုမ္ပဏီ (အေးရှားဝေါလ်)ထံမှ ရွာသားအချို့သာ လျော်ကြေးငွေရရှိခဲ့သည်။ နအဖ (တပ်မတော်/မြန်မာနိုင်ငံအစိုးရ) အနေဖြင့် ရွာသားများ အပေါ် သက်ရောက်ခဲ့သော ချိုးဖေါက်မှုများအတွက် ၎င်းတို့၏လုပ်ဆောင်မှုများအား လျော်ကြေးပေးခြင်းသို့မဟုတ် အသိအမှတ်ပြုခြင်း မရှိခဲ့ပါ။ ရွာသားများ၏အဆိုအရ ဆည်အထက်ပိုင်းတွင် ရေလွှမ်း မိုးမှု ကြောင့်ရွှေ့ပြောင်း ရမှုများ၊ အိမ်မြေများ ဆုံးရှုံးမှုဖြစ်ခဲ့ရပြီး ဆည်အောက်ပိုင်းရှိ ဒေသခံ လူထုမှာလည်း ဆည်ဆောက်လုပ်မှုကြောင့် အသက်မွေးဝမ်းကြောင်း အခက်အခဲများ ဖြစ်ခဲ့ရသည်။ *[ဓာတ်ပုံ- KHRG]*

ဤဓာတ်ပုံကို ၁၉၉၇ ခုနှစ် မြိတ်-ထားဝယ်ခရိုင်တွင် ရိုက်ကူးခဲ့ခြင်း ဖြစ်ပါသည်။ ဤဓာတ်ပုံတွင် ရွာသားများ အတင်းအဓမ္မလုပ် အားပေးခိုင်းစေခြင်းကို အစားထိုးရန်အတွက် အလုပ်ကျသွားရန် ရွာမှနေ၍ အလုပ်ခွင်သို့ သွားရောက်နေပုံဖြစ်ပါသည်။ ၎င်းတို့သည် ဘုတ်ဒေသ အနီးရှိ ဘုတ်ကပြော်ကြေးနန်းဒိုင် လမ်းတွင် အလုပ်လုပ်ရန်အတွက် ၎င်းတို့၏စားစရာနှင့် ပစ္စည်းကရိယာများကို ၎င်းတို့ နှင့်အတူသယ် ဆောင်သွားရပါသည်။ *[ဓာတ်ပုံ- KHRG]*

ဆေးရုံဆေးခန်းနှင့် ကျောင်းများတည်ဆောက်ရေး၊ ကျန်းမာရေးအသိပညာပေး စသည့် လုပ်ငန်းများပါဝင်သည်။ လုပ်ငန်းအများစုတွင် ထိုအဖွဲ့အစည်းများသည်စီမံကိန်းများ စတင်နိုင်ရေးအတွက် ဒေသခံရွာသားများနှင့် ကြိုတင်ဆွေးနွေးမှုများ ခွင့်ပြုချက်ရယူမှုများ ပြုလုပ်ခဲ့သည်။ အကယ်၍ မကျေနပ်မှုများ ပေါ်ပေါက်ခဲ့ပါက ထိုပြဿနာများသည် အများအားဖြင့် ဆက်သွယ်ရေးအားနည်းချက်နှင့် ရွာသားများ၏ လိုအပ်ချက်အပေါ် ကိုက်ညီမှုမရှိသောကြောင့် ဖြစ်နိုင်ပါသည်။

နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် နေရပ်ပြန်ခြင်း

"သူတို့က [တပ်မတော်] ရွာကို နှစ်ခါမီးလာရှို့တယ်။ ပထမတခါက ကျွန်တော်တို့ရွာကြီးကိုရှို့တယ်၊ နောက်တခါ ကျွန်တော်တို့ဒီနေရာမှာပဲ ပြန်ဆောက်ထားတဲ့ ရွာအသစ်ကိုရှို့တယ်။ ဒီမှာရှိတဲ့လူတွေ အကုန်လုံး ထိုင်းနိုင်ငံကို ထွက်ပြေးကြတယ်၊ ဒါမှမဟုတ် တောထဲတောင်ထဲကိုထွက်ပြေးကြရတယ်။"

စောစဗ--- (ကျား၊ ၄၃ နှစ်)၊ စဝ--- ရွာ၊ လှိုင်းဘွဲမြို့နယ်၊ ဘားအံခရိုင်/ ကရင်ပြည်နယ်အလယ်ပိုင်း
(၁၉၉၈ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ဝေခဲ့သည်။)

- ကရင်လူအခွင့်အရေးအဖွဲ့၏ ၂၅ နှစ်တာ မှတ်တမ်းပြုစုသည့် ကာလအတွင်း မြန်မာပြည် အရှေ့တောင်ပိုင်းတွင် ဆက်လက်ကျူးလွန်လျက်ရှိသော အခွင့်အရေးချိုးဖောက်မှုများနှင့် တပ်မတော်၊ နယ်ခြားစောင့်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခများ၏ အကျိုးဆက်များကို ရှောင်ရှားနိုင်ရေးအတွက်နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းကို ထောင်ပေါင်းများစွာသော ရွာသားများက နည်းလမ်းတစ်ခုအဖြစ် အများဆုံးကျင့်သုံးခဲ့ကြသည်။
- ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များနှင့် ဒုက္ခသည်များ၏ နေရပ်ပြန်ရေးနှင့် ပတ်သက်ပြီး ဘဝလုံခြုံရေး၊ လယ်ယာမြေများ ပြန်လည်လုပ်ကိုင်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ရရှိရေးနှင့် မိမိတို့၏ နေရပ်ပြန်ရေးအတွက် ဆုံးဖြတ်ချက်ချမှတ်မှုများ အပေါ်တွင် အဓိကစိုးရိမ်လျက်ရှိသည်။ ဘဝလုံခြုံရေးအာမခံချက်နှင့် မိမိတို့၏ လယ်ယာမြေများ ပြန်လည်ရရှိရေးအပြင် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိရေး အာမခံချက်ရှိပြီး နေရပ်ပြန်ရေးအတွက် ဆုံးဖြတ်ချက်ချရာတွင် မိမိတို့ကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်ရှိမှသာ အများစုမှာ နေရပ်ပြန်ရေးအတွက် ဆန္ဒရှိကြသည်။
- လက်ရှိအနေအထားတွင် နေရပ်ပြန်မည်ဆိုပါက မိမိတို့၏ ဘဝလုံခြုံရေးအာမခံချက်ရှိသည်ဟု ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များနှင့် ဒုက္ခသည်များက မယူဆကြပါ။ ဆက်လက်ဖြစ်ပွားနေသော မြန်မာပြည်အရှေ့တောင်ပိုင်းရှိ တိုက်ပွဲများ၊ နိုင်ငံရေးမတည်ငြိမ်မှုများနှင့် တပ်မတော်၊ နယ်ခြားစောင့်တပ်နှင့် အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အခွင့်အရေးချိုးဖောက်နိုင်မှုများကြောင့် ၎င်းတို့၏ ဘဝလုံခြုံရေးအတွက် စိုးရိမ်မှုများ ရှိကြသည်။ အချို့သော ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များနှင့် ဒုက္ခသည်များအနေဖြင့် တပ်မတော်နှင့် နယ်ခြားစောင့်တပ်များ၏ တပ်စခန်းများ မိမိတို့၏ မူရင်း ကျေးရွာဒေသများမှ ဖယ်ရှားပေးပြီး မိမိတို့နေရပ်ပြန်သောအခါ စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ရန် အခွင့်အရေးများရရှိမည်ဆိုပါက နေရပ်ပြန်ရေးအတွက် ဆန္ဒရှိကြသည်။
- ရွာသားများအနေဖြင့် မြန်မာနိုင်ငံအတွင်း မိမိတို့ဘဝများ ပြန်လည်ရပ်တည်နိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအား ရေရှည်လုပ်ကိုင်နိုင်ရန်အတွက် လယ်မြေများပေါ်တွင် လုပ်ကိုင်စားသောက်ခွင့်ရရှိရန် လိုအပ်သည်။ ထို့အတူ ကုမ္ပဏီများ၊ မြန်မာနိုင်ငံအစိုးရ၊ တပ်မတော်၊ နယ်ခြားစောင့်တပ်များအပြင်အိမ်နီးချင်းများမှ ယခင် မိမိတို့ ထွက်ပြေးတိမ်းရှောင်နေရသည့်အချိန်တွင် သိမ်းယူထားသော မိမိတို့ပိုင် လယ်ယာမြေများကို ပြန်လည်ရယူလိုသည့် ဆန္ဒများရှိသည်။ ထိုသို့မဟုတ်ပါက မိမိတို့ဘဝရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ထိုက်တန်သော လျော်ကြေးငွေနှင့် လုပ်ကိုင်စားသောက်နိုင်မည့် အစားထိုးလယ်ယာမြေများပြန်လည်ပေးအပ်ရန်အတွက် ရွှေ့ပြောင်းနေထိုင်သူများမှ တောင်းဆိုထားသည်။
- 'ပင်ဟဲရိုးမူဝါဒ' ကဲ့သို့သော နိုင်ငံတကာမှ ကျင့်သုံးသော နည်းလမ်းကောင်းများ ပါဝင်သည့် အမျိုးသား လယ်ယာမြေ အသုံးချမှု မူဝါဒတွင် ရွာသားများ၏ အခွင့်အရေးများကို အကောင်အထည်ဖော်ရန် ရေးဆွဲထားသော်လည်း ရွှေ့ပြောင်းနေထိုင်သူများ မိမိတို့၏ ဆန္ဒအရ လူဂုဏ်သိက္ခာနှင့်အညီ နေရပ်သို့ ဘေးအန္တရာယ်ကင်းစွာ ပြန်လာနိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် ဤမူဝါဒများနှင့်အညီ လုပ်ဆောင်ရာတွင်အားနည်းချက်များ ရှိနေသေးသည်။
- ကရင်လူအခွင့်အရေးအဖွဲ့၏ အစီရင်ခံစာများအရ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များနှင့် ဒုက္ခသည်များ နေရပ်သို့ ပြန်ရေးအတွက် မြန်မာနိုင်ငံအစိုးရနှင့် အခြားအဖွဲ့အစည်းများဖြစ်သော အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လက်နက်ကိုင်အဖွဲ့များက လုပ်ဆောင်ရာတွင် အိုးအိမ်များဆောက်လုပ်နေရာချပေးသည်မှအပ ၎င်းတို့ဘဝရပ်တည်ရေးအတွက် လယ်ယာမြေများ ပြန်လည်ရရှိရန် တစ်စုံတစ်ရာလုပ်ဆောင်ခြင်းမရှိပါ။

ဤဓာတ်ပုံကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ ၂၆ ရက်နေ့တွင် ရိုက်ယူခဲ့ပြီး နို့ဖိုးဒုက္ခသည်စခန်းမှ မြန်မာပြည်သို့ နေရပ်ပြန်မည့် မိသားစု (၃၀) စုကို ပြသထားခြင်းဖြစ်ပါသည်။ အဆိုပါ နို့ဖိုးစခန်းမှ ထိုဒုက္ခသည်များသည် စီစဉ်ထားသောနေရပ်ပြန်ရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအနေဖြင့် မြန်မာပြည်သို့ ပြန်သွားသော ပထမအဖွဲ့ဖြစ် ပါသည်။ ၎င်းတို့၏ပိုင်ဆိုင်မှုပစ္စည်းများကို ထုတ်ပိုးနေပြီးပြန်ရန် အတွက်ပြင်ဆင်နေခြင်းဖြစ်ပါသည်။ တချို့မှာ ၎င်းတို့၏မူလရွာများ သို့ပြန်သွားပြီး ကျန်သူများမှာ မြန်မာပြည်ရှိနေရာဒေသအသီးသီးသို့ ပြန်သွားကြသည်။ မြန်မာပြည်သို့ပြန်လျှင် ထိုင်းအစိုးရမှပေးသော ဘတ်ငွေ ၈၀၀၀ ကို တစ်ယောက်ချင်းစီက ရရှိမည် ဖြစ်ပါသည်။ မြန်မာအစိုးရဖက်မှ ထောက်ပံ့မှုရမရ မသေချာသော် လည်းထိုင်းအစိုးရဝန်ထမ်းတွေများအလိုအရ မြန်မာအစိုးရမှ တစ်အိမ်ထောင်ကို ကျပ် ၃ သိန်း ပေးလိမ့်မည်ဟုသိရသည်။ နို့ဖိုးစခန်းခေါင်းဆောင်အနေဖြင့် မြန်မာခေါင်းဆောင်များမှ ၎င်းတို့ကို ကူညီထောက်ပံ့စေချင်ပါသည်။ *[ဓာတ်ပုံ- KHRG]*

ခွဲခြားဆက်ဆံမှုနှင့် ပိုင်းခြားထားမှုများ

"အရင်တုန်းကတော့ ကျွန်တော် ဒီအကြောင်းပြောလို့မရဘူး။ တကယ်တော့ ကျွန်တော့်မှာ အများကြီးပြောစရာရှိတယ်။ ၅၈ နှစ်လောက် ကျွန်တော်ခံစားရတာတွေကို ကျွန်တော်မပြောခဲ့ဘူး။ ကျွန်တော်တို့အဲဒီအကြောင်းတွေကိုပွင့်ပွင့်လင်းလင်းပြောရင် ကျွန်တော်တို့က လူနည်းစုတိုင်းရင်းသားအုပ်စုလေ ကျွန်တော့်ကိုတစ်ယောက်ယောက်ကလုပ်ကြံမှာကြောက်တယ်။ ကျွန်တော်တို့အခြေအနေကို ခင်ဗျားသိတဲ့အတိုင်းပဲ ကျွန်တော်တို့အတွက် ဘာလုံခြုံရေးမှ အာမခံချက်ရှိတာမဟုတ်ဘူး။ ကျွန်တော်တို့ခံစားရတဲ့အကြောင်းကိုပြောရင်မကောင်းတာတခုခုဖြစ်လာမှာကို ကျွန်တော်တို့ပူပင်မိတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ခံစားရတာတွေကို အခုအထိမြှုပ်သိပ်ထားနေတာပဲ။ ကျွန်တော့်မှာပြောစရာစကားတွေအများကြီးရှိတယ်။"

ဦးအ--- (ကျား၊ ၅၈ နှစ်၊ မူဆလင်) သထုံမြို့နယ်၊ သထုံခရိုင်၊ မွန်ပြည်နယ်မြောက်ပိုင်း
(၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သောတွေ့ဆုံမေးမြန်းခန်း)

- ဘာသာရေးလူနည်းစုများ အထူးသဖြင့် မူဆလင်ဘာသာဝင်များ နှင့်ခရစ်ယာန်ဘာသာဝင်များအနေနှင့် မိမိတို့၏ ဘာသာရေးအဆောက်အဦးများနှင့် ဘုရားစာအုပ်များကို ဖျက်ဆီးခြင်း၊ မိမိတို့နေရာများမှ နေရပ်ရွှေ့ပြောင်းစေ၍ ဗုဒ္ဓဘာသာနယ်မြေများအဖြစ်သို့ ပြောင်းလဲသတ်မှတ်ခြင်း၊ ဗုဒ္ဓဘာသာ လုပ်ထုံးလုပ်နည်းများကို အတင်းအဓမ္မလိုက်နာကျင့်သုံးစေခြင်း၊ ဘုရားရှိခိုးခြင်းများ မပြုနိုင်ရန် ခြိမ်းခြောက်ပိတ်ပင်ခြင်းများ စသည့်ခွဲခြားဆက်ဆံမှုများ ခံကြရသည်။ ဘာသာရေးလွတ်လပ်ခွင့်ကို အဓိကထိပါးနှောင့်ယှက်နေကြသူများမှာ တပ်မတော်နှင့် DKBA (ဗုဒ္ဓ) မှ ပြောင်းလဲခဲ့သောအဖွဲ့ဖြစ်သည့် နယ်ခြားစောင့်တပ်များ ဖြစ်သည်။
- ကရင်ခရစ်ယာန် လူမှုအသိုက်အဝန်းများအား ခွဲခြားဆက်ဆံခြင်းများအကြောင်း တင်ပြသည့်အစီရင်ခံစာများ လျော့နည်းသွားသည်ကို တွေ့ရသော်လည်း ရပ်တန့်သွားခြင်းမရှိပါ။ အထူးသဖြင့် ဒေသခံဗုဒ္ဓဘာသာအဖွဲ့အစည်းများက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အကူအညီဖြင့် ၎င်းတို့၏ ဘာသာရေးနယ်မြေများအတွင်း သို့မဟုတ် နီးစပ်ရာနေရာများတွင် ဝင်ရောက်၍ စေတီပုထိုးများ တည်ဆောက်ခြင်းများ ပြုလုပ်နေကြသည်ကိုလည်း တွေ့ရှိရသည်။

- မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မူဆလင်လူမှုအသိုက်အဝန်းများမှာ နိုင်ငံသားဖြစ်မှုအား အကြိမ်ကြိမ်ငြင်းပယ်ခံရခြင်းဖြင့် ခွဲခြားဆက်ဆံခြင်းခံရကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့၏ ၂၅ နှစ်တာ ကာလအတွင်း တင်ပြခဲ့သော အစီရင်ခံစာများတွင် တွေ့ရှိနိုင်သည်။ နိုင်ငံသားဖြစ်မှုအား ငြင်းပယ်ခံရခြင်းများကြောင့် မူဆလင်များ၏ လွတ်လပ်စွာ သွားလာခွင့်နှင့် မဲပေးခွင့်များ ကန့်သတ်ခံရပြီး ကျန်းမာရေးနှင့် ပညာရေး စောင့်ရှောက်မှုများ မရရှိသည့်အတွက် ငွေရေးကြေးရေး အခက်အခဲများ နှင့်ရင်ဆိုင်ရပြီး မိမိတို့၏ နေထိုင်သော တိုင်းပြည်တွင် တိုင်းပြည်မဲ့နေသော မူဆလင်များအဖြစ်သို့ရောက်စေသည်။ မိမိတို့၏ နိုင်ငံသားဖြစ်ပိုင်ခွင့်ကို ငြင်းပယ်ခံရခြင်းမှာ အုပ်ချုပ်ရေးစနစ်ကြောင့် မဟုတ်ပဲ အစိုးရဝန်ထမ်းများ၏ မိမိတို့အပေါ်တွင် မြန်မာနိုင်ငံသားအဖြစ်သတ်မှတ်ရန်ငြင်းဆန်မှုကြောင့် ဖြစ်သည်ကို မူဆလင်လူမှုအဖွဲ့အစည်းများက သဘောပေါက်နားလည်ကြသည်။
- ဒေသဆိုင်ရာ အာဏာပိုင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့အား တိုင်ကြားမှုများ ပြုလုပ်ရာတွင်လည်း ၎င်းတို့၏ လူမျိုးနှင့်ကိုးကွယ်ယုံကြည်မှုတို့ကြောင့် ခွဲခြားဆက်ဆံခံရခြင်းများရှိပြီး အရေးယူခြင်းတစ်စုံတစ်ရာ မရှိသည့်အပြင် ထိုသို့တိုင်ကြားမှုများကြောင့် မိမိတို့အားလက်တုံ့ပြန်ခြင်းများ သို့မဟုတ် မတရားပြုလုပ်ခြင်းများခံရမည်ကို ကြောက်ရွံ့နေကြရသည်။

အထက်ပါဓာတ်ပုံကို သထုံခရိုင်၊ ဘားအံမြို့နယ်၊ ဝဲပျံကျေးရွာ အုပ်စု၊ ဟဟလ---ကျေးရွာတွင် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ရက်နေ့က ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။ ဤဓာတ်ပုံတွင် ခရစ်ယာန်ဘုရားကျောင်းဝင်းအတွင်း ခရစ်ယန်ဘုရားရှိခိုး ကျောင်းနှင့် (ဘယ်ဘက်တွင်) ကပ်လျက် တည်ဆောက်ထားသော ဗုဒ္ဓစေတီ (ညာဖက်ရှိ အဖြူရောင်အဆောက်အဦး) ပုံကိုပြထားသည်။ ဤစေတီကို ဆရာတော်ဦးသုဇနနှင့် ၎င်း၏နောက်လိုက်များက တည်ဆောက်ထားခြင်း ဖြစ်သည်။ *[ဓာတ်ပုံ- KHRG]*

အထက်ပါဓာတ်ပုံကို ၂၀၁၆ခုနှစ် မေလ ၁၂ရက်နေ့က တောင်ဥရိုပ်၊ ရေတာရှည်မြို့နယ်၊ ရေတာရှည်လေးကျေးရွာအုပ်စု၊ သစ်ချဆိပ်ရွာတွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ဤပုံတွင်ရွာသားများ၏အိမ်ရှေ့တွင် စိုက်ထူထားသောဆိုင်းဘုတ်များကို ဖေါ်ပြထားသည်။ ထိုဆိုင်းဘုတ်တွင် မူဆလင်များကိုဆန့်ကျင်သည့်စည်းကမ်းများစာရင်း လုပ်ပြထားသည်။ ထိုဆိုင်းဘုတ်၏ခေါင်းစဉ်မှာ ဤနေရာသည်အစ္စလမ်ကိုးကွယ် သူများကင်းလွတ်ရာနေရာဖြစ်ရမည်ဟုဆိုသည်။ ထိုဆိုင်းဘုတ် တွင်မူဆလင်များအပေါ် ဆန့်ကျင်သည့်စည်းကမ်း ၃ခု ရေးထားပြီး ဒေသခံ ဗုဒ္ဓဘာသာဝင်များက အသက်ဝင်အောင်လုပ်ရမည်ဟု ဆိုသည်။ ၁- ဤရွာတွင်မူဆလင်များည အိပ်နေထိုင်ခွင့်မပြု။ ၂- ရွာသားများသည် မူဆလင်များထံမှ မြေယာ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ၎င်းတို့အားရောင်းချခြင်းမပြုရ။ ၃- ဗုဒ္ဓဘာသာဝင်များမူဆလင်များကို လက်ထပ်ထိမ်းမြားခြင်းမပြုရ အချို့ရွာသားများက ထိုဆိုင်းဘုတ်ပါအချက်များနှင့် သဘောမကိုက်ညီဟု ပြောကြသော်လည်း ၎င်းတို့ အပေါ်တွင် တစုံတရာဖြစ်မည်စိုးရိမ်သောကြောင့်ထိုဆိုင်းဘုတ်များကို မဖြုတ်ကြပါ။ ထိုဆိုင်းဘုတ်ကို ဒေသခံဘုန်းကြီးတစ်ပါးက စိုက်ထူသည် ဟုပြောကြသည်။ *[ဓာတ်ပုံ- KHRG]*

ငြိမ်းချမ်းရေးအပေါ် အမြင်သဘောထားများ

"....တိုက်ပွဲများ အပြီးသတ်ရပ်စဲရန် ရွာသားအများအပြားမှ မျှော်လင့်ကြသော်လည်း နှစ်ပေါင်းများစွာ ဖိနှိပ်ခြင်း၊ တိုက်ပွဲများဖြစ်ခြင်း၊ ကတိများချိုးဖောက်ခြင်းများက ၎င်းသည် အမှန်တကယ်ဖြစ် မဖြစ်ဆိုသည်ကိုမူ သံသယဖြစ်ကြသည်။"
ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းမှတ်တမ်းပြုစုသူတစ်ဦးမှ ရေးသားထားသော ထုတ်နှုတ်တင်ပြချက် အစီရင်ခံစာ၊
ညောင်လေးပင်ခရိုင်/ပဲခူးတိုင်းဒေသ အရှေ့ပိုင်း၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း၊
(၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် ထုတ်ဝေခဲ့သည်။)

- မြန်မာပြည်အရှေ့တောင်ပိုင်းတွင် နေထိုင်ကြသော ရွာသားအများစု၏ အဆိုအရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ယုံကြည်မှုမရှိကြောင်းနှင့် အထူးသဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုပျက်ပြယ်ပြီး တိုက်ပွဲများပြန်လည်ဖြစ်လာမည်ကို အလွန်တရာ စိုးရိမ်မှုများရှိကြသည်။ ရွာသားများ၏အမြင်တွင် တပ်မတော်နှင့် နယ်ခြားစောင့်တပ်များ၏ လက်ရှိလှုပ်ရှားနေသော စစ်ရေးအခင်းအကျင်းများ အထူးသဖြင့် မိမိတို့ပတ်ဝန်းကျင်ဒေသများရှိ တပ်စခန်းများအား ပိုမိုခိုင်မာအောင် ပြုလုပ်ခြင်း၊ တပ်များ နေရာလဲလှယ်ခြင်းနှင့် စစ်ရေးလေ့ကျင့်မှုများ၊ ဆက်လက်လုပ်ဆောင်နေသည်ကို ထောက်ရှုခြင်းအားဖြင့် အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်ပြီး သံသယရှိကြသည်။
- အပစ်အခတ်ရပ်စဲရေးလက်မှတ်များ ရေးထိုးပြီးနောက် တပ်မတော်နှင့် နယ်ခြားစောင့်တပ်များအနေဖြင့် တပ်စခန်းများကို မိမိတို့၏ ပတ်ဝန်းကျင်မှ ရုပ်သိမ်းသွားမည်ဟု ရွာသားများက မျှော်လင့်ခဲ့ကြသော်လည်း မိမိတို့ ထင်မြင်ချက်နှင့် ဆန့်ကျင်စွာ စစ်စခန်းအချို့အား ပိုမိုခိုင်မာအောင် ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။
- အချို့သော လူ့အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုမရှိပဲ ဖြစ်ပျက်နေသော အနေအထားများကို ဒေသခံများအား အသိပေး ရှင်းလင်းတင်ပြခြင်းမရှိသည့်အတွက် မိမိတို့ဒေသများသည် အမှန်တကယ် ငြိမ်းချမ်းမှု ရှိမရှိကို ဆုံးဖြတ်ရန် ခက်ခဲကြောင်း ထွက်ဆိုကြပါသည်။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ပြီးနောက် အပြုသဘောဆောင်သော တိုးတက်မှုများ ရှိလာကြောင်းကို ရွာသားများက တင်ပြရာတွင် တိုက်ပွဲများ လျော့နည်းသွားကြောင်း၊ လွတ်လပ်စွာ သွားလာခွင့် ကောင်းမွန်တိုးတက်လာကြောင်း၊ စာသင်ကျောင်းအသစ်များ၊ ဆေးခန်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ လာရောက်ကူညီကြောင်းနှင့် ခြိမ်းခြောက်တောင်းယူမှုများ၊ တရားလက်လွတ် အခွန်ကောက်ခံမှုများလျော့ကျသွားကြောင်းများ ပါဝင်သည်။

ဤဓာတ်ပုံကို ၂၀၁၄ ခုနှစ် ဒုံးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်တွင် ရိုက်ကူးခဲ့ခြင်းဖြစ်ပါသည်။ ဤဓာတ်ပုံတွင် ဟဗ---ကျေးရွာအနီးရှိ တပ်မတော်စစ်စခန်းကိုဖေါ်ပြထားပါသည်။ ဤဓာတ်ပုံတွင် စစ်တပ်စခန်းနှင့် တပ်နယ်မြေကိုဝင်သော ဟဗ---ကျေးရွာအနီးရှိ တောင်ပတ်လမ်းပေါ်တွင်ရိုက်ကူးထားခြင်းဖြစ်သည်။ တပ်စခန်းသစ်၊ ကာကွယ်ရေးတပ်စခန်းများ၏ စခန်းရှေ့အဝင်ဂိတ်တစ်ခုရှိပြီးမြန်မာစာသားဖြင့် ဆိုင်းဘုတ်တခုရှိကာ 'စခန်းသစ် မဆုတ်တမ်းခံစစ်စခန်း' ဟု ရေးသားထားသည်။ ရွာသားများအနေဖြင့် ဤဆိုင်းဘုတ်သည် ကောင်းမကောင်း၊ သူတို့ခံစားမှုကို မတိုင်တန်းသို့မဟုတ် မဖေါ်ပြနိုင်ကြပါ။ စခန်းသည် ရွာနှင့်နီးပြီး ရွာသားများ၏ခြံများမှ အသီးအနှံများကိုရှာဖွေ (ခိုးယူ) နိုင်သောကြောင့် စစ်သားများသည် ဤနေရာတွင်နေရသည်ကို နှစ်သက်ကြသည်ဟု ရွာသား များယူဆကြသည်။
[ဓာတ်ပုံ- KHRG]

ဤဓာတ်ပုံကို ဘားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်၊ ဒ---ကျေးရွာတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့ ကရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ဤဓာတ်ပုံတွင် ဒ---ရွာတွင် ယာယီရွာသူကြီးများ အဖြစ်ရွေးချယ် ခံရသော အခြားရွာ များမှရွှေ့ပြောင်းခံရွာသားနှစ်ဦးအား ဖေါ်ပြထား ခြင်းဖြစ်သည်။ *"ကျွန်တော်တို့ တနိုင်ငံလုံးဆိုင်ရာ အပစ်ရပ် သဘောတူညီချက်အကြောင်းကြားရတာ အရမ်းစိတ်လှုပ်ရှားတယ်။ ကျွန်တော်တို့ ခေါင်းဆောင်တွေကို သေနတ်အစား သောပင်ကိုင်ပြီး ငြိမ်းချမ်းတဲ့နိုင်ငံရေးကို လုပ်စေချင်တာ။ နိုင်ငံရေးလုပ်ဖို့ သေနတ်ကို အသုံးပြုတာဟာ ရွာသားတွေကို ပူပန်မှုတွေဖြစ်စေတယ်"* ဟုသူတို့ကပြောပါသည်။ *[ဓာတ်ပုံ- KHRG]*

အကြံပြုတင်ပြချက်များ

အောက်ပါအကြံပြုချက်များသည် ကရင်လူ့အခွင့်အရေးအဖွဲ့၏ ကွင်းဆင်းလေ့လာမှု၊ အဓိကပါဝင်ပတ်သက်သူများနှင့် တွေ့ဆုံမေးမြန်းမှုများ၊ ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းမှတ်တမ်းပြုစုသူများနှင့် မူဝါဒရေးရာစည်းရုံးလှုံ့ဆော်ရေး တာဝန်ခံများ၏ အကြံပြုချက်များမှ စုဆောင်းရရှိသော အချက်အလက်များကို အခြေခံထားပါသည်။ အစီရင်ခံစာ၏ ဖွဲ့စည်းတည်ဆောက်မှုများအပေါ် တတ်နိုင်သမျှ အခြေခံ၍ အကြံပြုချက်များကို အုပ်စုအလိုက်ခွဲခြားပြီး အချို့သောအကြံပြုချက်များမှာ တစ်ခုထက်ပိုသည့် အကြောင်းအရာများ ပါဝင်သဖြင့် ခေါင်းစဉ်အသစ်များအောက်တွင် ဖော်ပြထားပါသည်။

ငြိမ်းချမ်းရေး၊ လုံခြုံစိတ်ချမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု

"ကရင်လူ့အခွင့်အရေးအဖွဲ့မှာ ကျွန်တော် သတင်းမှတ်တမ်းပြုစုနေတဲ့ ကာလအတွင်း ကျွန်တော်ဘာတွေ့ရလဲဆိုရင် ရွာသားတွေဟာ အရမ်းကြောက်ရွံ့နေကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့အသံကို ကျွန်တော်မှတ်တမ်းယူတာမကြိုက်ဘူး။ အခု ကျွန်တော်ယူထားတဲ့ သတင်းအချက်အလက်တွေကို တပ်မတော်သိသွားရင် သူတို့ကို မကောင်းတာတစ်ခုခုလုပ်လိမ့်မယ်လို့ ထင်ကြပါတယ်။"

ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းမှတ်တမ်းပြုစုသူတစ်ဦးမှ ရေးသားထားသော ဓာတ်ပုံမှတ်တမ်း၊ ၊ ဒူးပလာယာခရိုင်၊ ကရင်ပြည်နယ်အရှေ့တောင်ပိုင်း၊ (၂၀၁၆ ခုနှစ် ဇွန်လတွင် လက်ခံရရှိခဲ့သည်။)

- တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုအား လက်မှတ်ရေးထိုးထားသော အဖွဲ့အစည်းများအားလုံးအနေဖြင့် စာချုပ်တွင်ပါဝင်သည့် အချက်အလက်များအားလုံးကို လိုက်နာရန်နှင့် အထူးသဖြင့် အရပ်သားများကို ကာကွယ်စောင့်ရှောက်ရန်လိုအပ်ပြီး လက်မှတ်မထိုးရသေးသော အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်ရန်နှင့် လက်ရှိသဘောတူညီချက် သို့မဟုတ် သီးခြားငြိမ်းချမ်းရေး သဘောတူညီချက်များတွင် လက်မှတ်ရေးထိုးနိုင်ရန်အတွက်ထည့်သွင်း စဉ်းစားသင့်ပါသည်။
- မြန်မာနိုင်ငံအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ သတင်းအချက်အလက်များကို မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အရပ်သားများ သိရှိနားလည်ရန် ပိုမိုလုပ်ဆောင်သင့်ပါသည်။ ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တလျှောက်တွင် အဓိပ္ပါယ်ပြည့်ဝပြီး ကျား၊မ တန်းတူ အားလုံးပူးပေါင်း ပါဝင်နိုင်သော အခွင့်အလမ်းတစ်ရပ်ကို ဖန်တီးသင့်ပါသည်။
- စစ်မှန်သော ငြိမ်းချမ်းရေးကို ယုံကြည်လက်ခံနိုင်စေရန်နှင့် အရပ်သားများ၏ လုံခြုံရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အာမခံနိုင်စေရန် လက်နက်ကိုင်ဆောင်သူများ အထူးသဖြင့် တပ်မတော်နှင့် နယ်ခြားစောင့်တပ်များ အနေဖြင့် ကျေးရွာများ အနီးရှိ စစ်တပ်များနှင့် စစ်စခန်းများအား ဖယ်ရှားပေးခြင်း၊ စစ်သင်တန်းပေးခြင်းများ ရပ်တန့်ခြင်း၊ ကင်းလှည့်ခြင်းများနှင့် ကျေးရွာများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းနယ်မြေများအတွင်း သို့မဟုတ် အနီးတဝိုက်တွင် စစ်တပ်များမှ သယ်ယူပို့ဆောင်ရေး ပြုလုပ်နေမှုများကို ရပ်တန့်ပေးခြင်းအပြင် စစ်အင်အားတိုးချဲ့ရန် ရည်ရွယ်ချက်ဖြင့် ရွာသားများ လုပ်ကိုင်စားသောက်နေသော လယ်ယာမြေများအား အဓမ္မသိမ်းယူခြင်းများကို ချက်ချင်းရပ်တန့်ရန် လိုအပ်ပါသည်။
- မြန်မာနိုင်ငံအစိုးရ၊ တပ်မတော်၊ နယ်ခြားစောင့်တပ် နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်မြေမြှုပ်မိုင်း အသစ်များ အသုံးပြုမှုအား တားမြစ်ခြင်း၊ လက်ရှိမြေမြှုပ်မိုင်းများ ရှိနေသောနေရာများကို သတ်မှတ်၍ ရွာသားများအား လုံခြုံရေးအတွက် သတိပေးခြင်း စသည်တို့ပြုလုပ်သင့်သည်။ မြေမြှုပ်မိုင်းများ ဖော်ထုတ်ရေးလုပ်ငန်းများ မစတင်မီ ဒေသခံလူမှု အသိုက်အဝန်းများအပါအဝင် တာဝန်ရှိသူများနှင့် အဓိပ္ပါယ်ရှိရှိ ဆွေးနွေးခြင်းများ ပြုလုပ်သင့်သည်။ ဆွေးနွေးခြင်း မရှိပဲ မြေမြှုပ်မိုင်းများကို ဖော်ထုတ်ခြင်းများ ပြုလုပ်ပါက ပဋိပက္ခများနှင့် ပတ်သက်၍ အတိမ်းအစောင်းမခံနိုင်သော ဒေသများတွင် ပဋိပက္ခများ ပိုမိုကြီးထွားစေနိုင်သည်။ ထို့အပြင် မြေမြှုပ်မိုင်းများနှင့် စစ်ပွဲများအတွင်းက မပေါက်ကွဲပဲ ကြွင်းကျန်နေသော လက်နက်ခဲယမ်းမီးကျောက်များဖယ်ရှားရာတွင် အန္တရာယ်ရှိ သည့်အတွက် စနစ်တကျလေ့ကျင့်ထားပြီး လိုအပ်သောပစ္စည်းကိရိယာများကို ကျွမ်းကျင်စွာ အသုံးပြုတတ်သော ပုဂ္ဂိုလ်များမှ လုပ်ဆောင်သင့်သည်။

တာဝန်ယူမှု တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှု

- မြန်မာနိုင်ငံအစိုးရ၊ တပ်မတော်နှင့် ၎င်းတို့၏အုပ်ချုပ်မှုအောက်တွင်ရှိသော လက်နက်ကိုင်ဆောင်သူများအားလုံးပြည်တွင်းနှင့်နိုင်ငံတကာမှ လူသားချင်း စာနာထောက်ထားမှုနှင့် လူအခွင့်အရေးစံချိန်စံညွှန်း ဥပဒေများအား လိုက်နာရန်အာမခံရမည်။ ထို့အပြင် ပြည်သူများအပေါ် မတရားကျူးလွန်၍ လူအခွင့်အရေးချိုးဖောက်သော စစ်သားသို့မဟုတ် အရာရှိများအား ၎င်းတို့ကျူးလွန်သည့် ရာဇဝတ်မှုများကို ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုရှိသောစုံစမ်းစစ်ဆေး မှုများပြုလုပ်ကာအရပ်သားတရားရုံးများတွင် တရားဥပဒေအရ လွတ်လပ်စွာ အမှုစီရင်နိုင်ခွင့်ပေးရမည်။
- မြန်မာနိုင်ငံအစိုးရနှင့် KNU အနေဖြင့် လူအခွင့်အရေးချိုးဖောက်ကျူးလွန်ခြင်း ခံရသော ရွာသားများအတွက် ပွင့်လင်းမြင်သာ၍ ထိရောက်မှုရှိသော တိုင်ကြားရေးယန္တရားများကို အသုံးပြုနိုင်ရန်အတွက် အာမခံစီစဉ်ပေးရမည်။ ထိုယန္တရားများ၏ အကြံပြုချက်များနှင့် ဆုံးဖြတ်ချက်များကိုလည်း လိုက်နာရမည်။
- မြန်မာနိုင်ငံအစိုးရ၊ တပ်မတော်၊ နယ်ခြားစောင့်တပ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် လူအခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ တိုင်ကြားလာသော အရပ်သားများ၏ လုံခြုံရေးနှင့် လက်တုံ့ပြန်မှုများမပြုနိုင်ရန် ကာကွယ်စောင့်ရှောက်ခြင်းများအတွက် အာမခံရမည်။
- တပ်မတော်၊ နယ်ခြားစောင့်တပ်များနှင့် အရာရှိငယ်များအပါအဝင် အခြားဝန်ထမ်းများအနေဖြင့်လူ့အခွင့်အရေး၊ အမျိုးသမီးများ၏ အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှု ဥပဒေများအား ပိုမိုကျယ်ပြန့်စွာသဘောပေါက်နားလည်လာစေရန်အတွက် မြန်မာနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်တိုင်သော်လည်းကောင်း ကုလသမဂ္ဂနှင့် အခြားသော အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အကူအညီကို ရယူ၍သော်လည်းကောင်း သင်တန်းများပေးရမည်။

နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် နေရပ်ပြန်ခြင်း

"တကယ်လို့များ အဲဒီနေရာမှာ အန္တရာယ်မရှိဘူးဆိုရင်တောင် တကယ့်ကိုကြောက်နေတာဆိုတော့ ကျွန်တော်တို့ [လယ်တွေဆီကို] ပြန်မသွားရဲဘူး။ ကျွန်တော်တို့ ဘယ်လောက်တောင်ကြောက်နေတယ်ဆိုတာ ပြောမပြတတ်တော့ဘူး။ ကျွန်တော်တို့ပြန်မသွားပြန်ရင်လည်း ဒီနှစ်စားဖို့ဆန်မရှိတော့မှာကို စိုးရိမ်မိတယ်။ ကျွန်တော်တို့တောင်ယာတွေမှာ ပြန်သွားပြီးအလုပ်လုပ်နိုင်ရင် ခေါင်းဆောင်တွေကို ကူညီရာရောက်မယ်။ အခုတော့ သူတို့ [ခေါင်းဆောင်တွေ] က ကျွန်တော်တို့ကို အစားအစာပေးနေရတယ်။ ကျွန်တော်တို့က [သူတို့ထောက်ပံ့ပေးတဲ့အစာတွေကို] မစားချင်ပါဘူး ဒါပေမဲ့ ကျွန်တော်တို့ကခက်ခဲတဲ့ အခြေအနေ [ဆင်းရဲမှု] ထဲရောက်နေပြီလေ။ ကျွန်တော်တို့ [ငတ်မွတ်မှုကို] မခံနိုင်တော့ဘူး။ ဖြစ်နိုင်ရင် [ကျွန်တော်တို့ရွာကို] ပြန်သွားချင်ပါတယ်။ ကျွန်တော်တို့စပါးပင်တွေကြည့်လိုက်ရင် ရိတ်ချင်တယ်။ ကျွန်တော်တို့လယ်ကွင်းတွေက စပါးပင်တွေက ရိတ်ဖို့အတွက် ရှင်းရှင်းလင်းလင်းမဖြစ်တော့ဘူး[အပင်တွေရှည်ထွက်လွန်ပြီး မြက်ထူနေပြီ]၊ ဒါပေမဲ့ ကျွန်တော်တို့ ဘာမှ လုပ်လို့မရတော့ဘူး။"

စောယယ--- (ကျား၊ ၅၃ နှစ်)၊ ၀ဗ--- ရွာ၊ ပိုင်ကျုံမြို့နယ်၊ ဘားအံခရိုင်/ ကရင်ပြည်နယ်အလယ်ပိုင်း
(၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် တွေ့ဆုံမေးမြန်းခဲ့သည်။)

- မြန်မာနိုင်ငံအစိုးရ၊ ဒုက္ခသည်များအားခိုလှုံခွင့်ပြုသောတိုင်းပြည်များ၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးနှင့် အခြားသော လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများအနေဖြင့် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည် များနှင့် ဒုက္ခသည်များ၏ နေရပ်သို့ပြန်ရေးသည် လုံးဝမိမိသဘောဆန္ဒ အလျောက် ဖြစ်ရမည်၊ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ အတင်းအကြပ်မပြုလုပ်ရ၊ လုံခြုံမှုရှိရမည်၊ ရေရှည်အတွက် ဘဝအာမခံချက်ရှိပြီး နေရပ်ပြန်သူများ၏ ဂုဏ်သိက္ခာကိုအပြည့်အဝလေးစားမှုရှိရမည်။ ရိက္ခာများနှင့်ရန်ပုံငွေများလျှော့ချဖြတ်တောက်ခြင်းသည် မတရားခြိမ်းခြောက်မှုတစ်မျိုးဖြစ်ပြီး ထိုအခြေအနေများကြောင့် နေရပ်ပြန်ရခြင်းမှာ မိမိသဘောဆန္ဒအရ ပြန်ခြင်းဖြစ်သည်ဟု မယူဆနိုင်ပါ။
- ဒုက္ခသည်များနေရပ်ပြန်ရေးကို ဆုံးဖြတ်ချက်ချသူများမှာ မြန်မာနိုင်ငံအစိုးရ၊ ဒုက္ခသည်များအား ခိုလှုံခွင့်ပြုသော တိုင်းပြည်များ၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး သို့မဟုတ် တစ်ခြားသောအဖွဲ့အစည်းများ မဖြစ်သင့်ပါ၊ ဒုက္ခသည်များအနေဖြင့် မိမိတို့၏ ဆန္ဒအတိုင်း ဆုံးဖြတ်ရန် ဖြစ်ပါသည်။ မိမိတို့၏ ဆန္ဒအရ လုံခြုံရေးနှင့် ဘဝအာမခံချက်ရှိသည်ဟု ယူဆ၍ နေရပ်ပြန်ရန်ဆန္ဒရှိသော အခြေအနေတွင် ထိုလုပ်ငန်းစဉ်သည် အားလုံးပါဝင်သော လုပ်ငန်းစဉ်ဖြစ်သင့်ပြီး ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ၊ ဒုက္ခသည်များနှင့် ၎င်းတို့အားလက်ခံမည့် ဒေသခံလူမှုအဖွဲ့အစည်းများအနေနှင့် ၎င်းတို့၏ နေရပ်ပြန်ရေး လုပ်ငန်းစဉ်များတွင် ဘဝလုံခြုံရေးနှင့် အခြေအနေများကို ကိုယ်တိုင် အကဲဖြတ် စောင့်ကြည့်နိုင်ရမည်။

- ပြည်တွင်းရှေ့ပြောင်းဒုက္ခသည်များနှင့် ဒုက္ခသည်များအား ပြန်လည်နေရာချထားရေးတွင် ပါဝင်သည့် အစိုးရများနှင့် တာဝန်ရှိအဖွဲ့အစည်းများအနေနှင့် နေရပ်ပြန်သူများ၏ ဘဝလုံခြုံရေးနှင့် အသက်ရှင်နေထိုင်ရေးအတွက် အာမခံချက်များရှိစေရန် ပူးပေါင်းဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ၎င်းတို့၏သိမ်းဆည်းခံလယ်မြေများကို ပြန်လည်ပေးအပ်ရမည်။ ဤသို့ လုပ်ဆောင်ရန်မဖြစ်နိုင်ပါက ၎င်းတို့အတွက် အခမဲ့နေထိုင်နိုင်ရန်နေအိမ်များ ဆောက်လုပ်ပေးရမည်။ ထို့အပြင် ၎င်းတို့၏ဆုံးရှုံးမှုများအတွက် သင့်တင့်မျှတသော လျော်ကြေးငွေများ ပေးအပ်ရမည်။
- အကယ်၍ ပဋိပက္ခများ ပြန်လည်ဖြစ်ပွားပြီး ပြည်တွင်းရှေ့ပြောင်းဒုက္ခသည်များဘဝသို့ တဖန်ပြန်လည်ရောက်ရှိခဲ့ပါက မြန်မာနိုင်ငံအစိုးရ၊ တပ်မတော်၊ နယ်ခြားစောင့်တပ်များ၊ KNU နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ၎င်းတို့၏ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် တာဝန်ယူရမည်။ ထို့အပြင် လုံလောက်သောအထောက်အပံ့များ ပံ့ပိုးပေးကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများကိုလာရောက်ကူညီခွင့် ပြုရမည်။

ဖွံ့ဖြိုးရေးတိုးတက်ရေး စီမံကိန်းများ

- မြန်မာနိုင်ငံအစိုးရအနေဖြင့် ၎င်းတို့၏ မြေယာဥပဒေနှင့်မူဝါဒများသည် လက်ရှိတောင်သူများ ကျင့်သုံးနေသော နည်းလမ်းများနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာပိုင်ဆိုင်မှုများကို အကာအကွယ်ပေးနိုင်ရန် ဦးစားပေးလုပ်ဆောင်သင့်ပြီး ဒေသခံများအား ဓလေ့ထုံးတမ်းအရသော်လည်းကောင်း၊ KNU ကဲ့သို့သော ဒေသတွင်းအာဏာပိုင်များမှ ထုတ်ပေးထားသည့် မြေယာပိုင်ဆိုင်မှုအထောက်အထားများအား အသိအမှတ်ပြုရမည်။ ရွာသားများအနေဖြင့် မြန်မာနိုင်ငံအစိုးရ သို့မဟုတ် KNU ထံမှ မြေယာပိုင်ဆိုင်မှုအထောက်အထား ပြုလုပ်လိုသည့်အခါတွင် ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်သော နည်းလမ်းများဖြင့် ပြုလုပ်နိုင်ရန် ဆောင်ရွက်ပေးသင့်ပါသည်။
- မြန်မာနိုင်ငံအစိုးရနှင့် KNU အနေဖြင့် ပုဂ္ဂလိကကုမ္ပဏီများမှ ရွာသားများ၏ လယ်ယာမြေများကို ဥပဒေဘောင်အတွင်းမှ မတရားသိမ်းပိုက်ခြင်း နှင့် လယ်သမားများကို ၎င်းတို့၏ နယ်မြေများသို့ ဝင်ရောက်မှုဖြင့် မတရား တရားစွဲဆိုခြင်းများကို ကာကွယ်နိုင်ရန်အတွက် လက်ရှိမြေယာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေနှင့်မူဝါဒများကို ပြန်လည်ပြင်ဆင်သင့်သည်။ ထို့ပြင် မြန်မာနိုင်ငံအစိုးရနှင့် KNU အနေဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လုပ်ငန်းများလုပ်ဆောင်နေသောကုမ္ပဏီများမှ နေရင်းအရပ်သို့ ပြန်လည်နေထိုင်ဖွယ်ရှိသည့် ပြည်တွင်းရှေ့ပြောင်းဒုက္ခသည်များ နှင့် ဒုက္ခသည်များအပါအဝင် အားနည်းသော လူမှုအသိုက်အဝန်းပိုင်မြေများအပေါ်တွင် လုပ်ငန်းများလာရောက်လုပ်ကိုင်မည်ကို ခွင့်ပြုချက်မပေးရန်အတွက် တာဝန်ရှိသည်။
- မြန်မာနိုင်ငံ အစိုးရ၊ KNU၊ ကုမ္ပဏီများနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်နေသူများအနေဖြင့် လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်နှင့် အခြားသက်ဆိုင်ရာ အဓိပ္ပါယ်ပြည့်ဝသော ထိခိုက်နစ်နာမှုဆိုင်ရာ စစ်တမ်းကောက်ယူခြင်း များအား လုပ်ငန်းအကောင်အထည်မဖော်မီ လုပ်ဆောင်ရန်လိုအပ်သည်။ စီမံကိန်းများအကောင်အထည်မဖော်မီ ဒေသတွင်းရှိ လူမှုအသိုက်အဝန်းများအား လုပ်ဆောင်မည့်စီမံကိန်းသည် ဒေသခံများ၏ မြေယာနှင့်စားဝတ်နေရေးအပေါ် မည်ကဲ့သို့ သက်ရောက်မှု ရှိနိုင်ကြောင်းနှင့် ပတ်သက်သည့်သတင်းအချက်အလက်များအား ဒေသသုံးဘာသာစကားများဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းတင်ပြရန် လိုအပ်သည်။ ဆုံးဖြတ်ချက်များချမှတ်ရန် လိုအပ်သည့်စီမံကိန်း၏ အရွယ်အစား၊ အကျယ်အဝန်း၊ ပေးဆောင်မည့်လျော်ကြေးငွေပမာဏနှင့် စီမံကိန်းအားအကောင်အထည်ဖော်မည့် နည်းလမ်းများ အပေါ် ဆုံးဖြတ်ချက်ချရာတွင် ရွာသားများကိုပါ ပါဝင်စေရန် အခွင့်အရေးပေးရမည်။ လုပ်ဆောင်မည့် စီမံကိန်းသည် ကျေးလက်ဒေသရှိ ရွာသားများအပေါ် သက်ရောက်မှုရှိမည်ဆိုပါက လွတ်လပ်၍ ကြိုတင်အသိပေး သဘောတူညီချက် ရယူသည့်စနစ် (FPIC) ကို အမြဲလေးစားလိုက်နာရမည်။
- မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်အနေဖြင့် သိမ်းဆည်းမြေများအား မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ရမည်။ အချို့သောကိစ္စရပ်များတွင် တောင်သူများအနေဖြင့် မြေယာပိုင်ဆိုင်မှုစာရွက်စာတမ်းများ မပြနိုင်သော်လည်း ဓလေ့ထုံးတမ်းဆိုင်ရာ လယ်ယာမြေများဖြစ်ပါက ပြန်လည်ပေးအပ်ရမည့် တာဝန်ရှိသည်။ အကယ်၍ မြေယာပြန်လည်ပေးအပ်ရန်မဖြစ်နိုင်ပါက စားဝတ်နေရေးအဆင်ပြေရန်အတွက် အစားထိုးမြေယာအသစ်တစ်ခု ပြန်ဝယ်နိုင်လာက်သည့်လျော်ကြေးငွေ ပမာဏအား နှစ်ဦးသဘောတူ သတ်မှတ်ရမည်။ ဤသို့ပြုလုပ်ရာတွင် ဖိအားပေးမှုများ မရှိစေရ။
- မြန်မာနိုင်ငံအစိုးရအနေဖြင့် မြေယာကိစ္စနှင့်ပတ်သက်၍ ဒေသတွင်းရှိ တိုင်ကြားရေး ယန္တရားများနှင့် တရားရုံးများသို့ အလွယ်တကူ တိုင်ကြားတင်ပြနိုင်ရန် စီစဉ်ဆောင်ရွက် ပေးသင့်ပေသည်။ ထို့အပြင် မြေယာအငြင်းပွားမှု ဖြေရှင်းရေး ယန္တရားများသည် ဒေသတွင်း၌ တည်ရှိပြီး အားလုံးပါဝင်နိုင်ကာ ထိရောက်မှုရှိသော ယန္တရားဖြစ်သင့်သည့်အပြင် ဒေသခံများ ကျင့်သုံးလျက်ရှိသည့် ဓလေ့ထုံးတမ်းအစဉ်အလာ ပေါ်တွင်လည်း အခြေခံသင့်ပေသည်။

အသက်မွေးဝမ်းကျောင်းများ

- မြန်မာနိုင်ငံအစိုးရနှင့် KNU အနေဖြင့် မတရားမြေသိမ်းဆည်းမှု၊ မြေမြှုပ်မိုင်း အန္တရာယ်များ၊ နေရပ်ရွှေ့ပြောင်းနေထိုင်မှု နှင့် လူ့အခွင့်အရေးချိုးဖောက်ခြင်းများ ခံစားရသော ဒေသခံရွာသားများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းပေးရမည်။ ထိုသို့ ဖြေရှင်းရာတွင် လူမှုအသိုက်အဝန်းများအတွက် ပညာပေးခြင်း၊ နှစ်သိမ့်ဆွေး နွေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ လူမှုဘဝ လုံခြုံစေသည့် အစီအစဉ်များအပြင် ဓလေ့ထုံးတမ်းနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြင့် ကူညီထောက်ပံ့ပေးရမည်။
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဆောင်သူများအနေဖြင့် ဒေသတွင်း ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ဝန်ဆောင်မှုများပေးရာတွင် ကျဉ်ဖယ်ခံရသောလူမှုအသိုက်အဝန်းများ၊ ဝေးလံခေါင်ဖျားသော ဒေသများတွင် နေထိုင်သော လုပ်ကိုင်စားသောက်ရန် လွန်စွာခက်ခဲသော လူမှုအသိုက်အဝန်းများကို ဦးစားပေးကူညီ ထောက်ပံ့ပေးသင့်သည်။

အထက်ပါဓာတ်ပုံကို ၂၀၀၉ ခုနှစ် ဇွန်လမှာ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်တွင် ရိုက်ကူးထားသည်။ ဤလူသည် တပ်မတော်မှထောင်ထားသော မြေမြှုပ်မိုင်း ကို ဘူးသိုမြို့နယ် ကျေးရွာအနီး ၂၀၀၇ခုနှစ်တွင် တက်နင်းမိခဲ့သည်။ သူခြေထောက်တစ်ဖက် မရှိတော့သည့်အချိန်ကတည်းက သူ၏မိသားစုကို ကျွေးမွေးစောက်ရှောက်ရန် မတတ်နိုင်တော့ပါ။ ထို့ကြောင့် သူ၏စားဝတ်နေရေးကို အနည်းငယ်ထောက်ပံ့ပေးနိုင်ရန် ဖာပွန်ခရိုင်ရှိ အိတုထဒုက္ခ သည်စခန်းသို့ ပြောင်းရွှေ့နေထိုင် ခဲ့ပါသည်။ *[ဓာတ်ပုံ- KHRG]*

ဤဓာတ်ပုံကို ၂၀၁၅ ခုနှစ် ဇွန်လ ၁၅ရက်တွင် ဖ---ကျေးရွာ၊ စခန်းကြီး ကျေးရွာအုပ်စု၊ သထုံမြို့နယ်၊ သထုံခရိုင်မှရိုက်ကူးထားပြီး စောဖ--- ကို ရာဇာမင်း ဘတ်စ်ကားဓားပြတိုက်မှုတွင် ပါဝင်သည်ဟု စွပ်စွဲပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် မတရားဖမ်းဆီး ညှဉ်းပန်း နှိပ်စက်ခဲ့သည်။ ထို့အတွက် ကြောင့် စောဖ--- မှ တင်ပြခဲ့သည်မှာ သူ၏အသက်ရှင် ရပ်တည်နိုင်ရေး၊ လုံခြုံရေးအတွက်ပြဿနာများ ကို ရင်ဆိုင်ကြုံတွေ့နေရသည်ဟုတင်ပြခဲ့ပါသည်။ *[ဓာတ်ပုံ- KHRG]*

ခွဲခြားဆက်ဆံမှုနှင့် ပိုင်းခြားမှုများ

"သူတို့ကဆဲပြီး ကျွန်တော်တို့ကို အတင်းမောင်းထုတ်တယ်။ အခုလောလောဆယ်စခန်းကို [ထိုင်းနိုင်ငံဒုက္ခသည်စခန်း] ရောက်လာတဲ့ ဗုဒ္ဓဘာသာလူမျိုးတွေကပြောပြကြတယ်။ ရွာအနားက ကျိုက်ဒုံဂိတ်မှာ 'ကုလားလုံးဝမဝင်ရ' [မူဆလင်ဟုဆိုလိုသည်] ဆိုပြီး ဆိုင်းဘုတ်တစ်ခု စစ်သားတွေက ချိတ်ထားတယ်ပြောတယ်။ ဂထ---ရွာကို မူဆလင်တွေဝင်ရောက်ခြင်းကို တင်းတင်းကြပ်ကြပ်ကန့်သတ်ထားတယ်။ ဒါပေမယ့် ဗုဒ္ဓဘာသာဝင်တွေတော့ နေနိုင်တယ်။"

မောင်ဂစ--- (ကျား၊ ၃၄ နှစ်) ကရင်လူအခွင့်အရေးအဖွဲ့၏ သတင်းမှတ်တမ်းပြုစုသူတစ်ဦးမှ ရေးသားထားသော အစီရင်ခံစာမှ ကောက်နှုတ်တင်ပြချက်၊ ဂထ---ရွာ၊ ဒူးပလာယာခရိုင် (၁၉၉၇ ခုနှစ် မေလတွင် ထုတ်ဝေခဲ့သည်။)

- လူတိုင်းတွင် လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်ရှိသည်။ မိမိတို့ကိုးကွယ်သော ဘုရားကျောင်း၊ စေတီပုထိုး၊ ဗလီ၊ မိရိုးဖလာကိုးကွယ်မှုများနှင့် အခြားကိုးကွယ်ရာအဆောက်အအုံများကို နှောင့်ယှက်မှုတစ်စုံတစ်ရာမရှိပဲ လွတ်လပ်စွာ တည်ဆောက်ခွင့်ရှိရမည်။ မြန်မာနိုင်ငံအစိုးရ အထူးသဖြင့် ဘာသာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဒေသတွင်းရှိ ဘာသာရေးအဖွဲ့အစည်းများအနေဖြင့်လက်ရှိတည်ရှိနေသော ဘာသာရေးအဆောက်အအုံများကိုလေးစားသမှုနှင့် ကာကွယ်စောင့်ရှောက်ပေးရမည်။ ဘာသာရေး အဆောက်အအုံအသစ်များ ဆောက်လုပ်လိုပါက အချင်းချင်းတင်းမာမှုမဖြစ်ပွားစေရန် ဒေသခံရွာသားများ နှင့်တိုင်ပင်ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းများ လုပ်ဆောင်ရမည်။ ဘာသာရေးအဖွဲ့အစည်းများအချင်းချင်းအငြင်းပွားမှု ဖြစ်ပွားလာပါက ငြိမ်းချမ်းစွာ ဆွေးနွေးအဖြေ ရှာခြင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစား၍ အတူတကွယှဉ်တွဲနေထိုင်နိုင်သောနည်းလမ်း များကိုရှာဖွေနိုင်ရန် ဆောင်ရွက်ခြင်းများ ပြုလုပ်သင့်သည်။
- မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံသားစိစစ်ရေးနှင့် နိုင်ငံသားဖြစ်ရေးဆိုင်ရာ ဥပဒေမူဝါဒများချမှတ်ရာတွင် ခွဲခြားဆက်ဆံမှုများ မရှိစေရန်နှင့် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန် လုပ်ဆောင်ရမည်။ အထူးသဖြင့် လူမျိုးစု ၁၃၅ စုတွင် ထည့်သွင်းအသိအမှတ်ပြုခြင်း မခံရသည့်အပြင် ခွဲခြားဆက်ဆံမှုကြောင့် တိုင်းပြည်မဲ့သကဲ့သို့ ခံစားနေရသည့် မူဆလင် လူမှုအသိုက်အဝန်းအချို့အတွက် ထည့်သွင်းစဉ်းစားရမည်။ နေရပ်ပြန်မည့် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များနှင့် ဒုက္ခသည်များအတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် မွေးစာရင်းများ ထုတ်ပေးခြင်း၊ အိမ်ထောင်စုစာရင်းများ ထုတ်ပေးခြင်းများ ပြုလုပ်ခြင်းအားဖြင့် ၎င်းတို့အတွက် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အခွင့်အရေးများကို ခွဲခြားဆက်ဆံမှုမရှိပဲ အခြားနိုင်ငံသားများနည်းတူ အပြည့်အဝခံစားပိုင်ခွင့် ရှိစေရမည်။
- မြန်မာနိုင်ငံအစိုးရ၊ KNU နှင့် ဒေသခံလူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် ဘာသာရေးနှင့် ယဉ်ကျေးမှု လွတ်လပ်ခွင့်နှင့် ပတ်သက်သော လူထုဆွေးနွေးပွဲများကို လုပ်ဆောင်ခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦးအပြန်အလှန်လေးစားမှု သူတစ်ပါး၏ ဘာသာတရားနှင့် ယဉ်ကျေးမှုများအပေါ် နားလည်လက်ခံမှုများ ရှိလာပြီး မလိုလားအပ်သော တင်းမာမှုနှင့် အကြမ်းဖက်မှုများ မဖြစ်ပွားစေရန် ဆောင်ရွက်ပေးရမည်။

ကျန်းမာရေးစောင့်ရှောက်မှု

"ဆေးခန်းက ဆောက်ပြီးသွားပြီ၊ ဖွင့်ပွဲတွေ ဘာတွေတောင် လုပ်ပြီးသွားပြီ၊ ဒါပေမဲ့ အခုအချိန်ထိ ပိတ်ထားတုန်းပဲ၊ ရွာသားတွေအတွက် တစ်ခါမှ ဖွင့်တာ မတွေ့ဘူး၊ အဲ့ဒီမှာ ဆေးလည်းမရှိဘူး၊ အဲ့ဒါကြောင့် ရွာသားတွေက အဲ့ဒီဆေးခန်းအကြောင်း အမြဲတမ်းပြောတယ်၊ ဇယ---ကျေးရွာက ရွာသားတစ်ယောက်က ဆေးခန်းကတော့ အရမ်းလှတယ်၊ ဒါပေမဲ့ ဘာမှသုံးလို့မရဘူးလို့ ပြောတယ်။"

ကရင်လူအခွင့်အရေးအဖွဲ့၏ သတင်းမှတ်တမ်းပြုစုသူတစ်ဦးမှ ရေးသားထားသော ဒေသတွင်းနောက်ဆုံးရအခြေအနေတင်ပြချက်၊ သထုံမြို့နယ်၊ သထုံခရိုင်၊ မွန်ပြည်နယ်မြောက်ပိုင်း၊ (၂၀၁၆ ခုနှစ် မေလတွင် လက်ခံရရှိခဲ့သည်။)

- ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများက အထောက်အပံ့ပြုထားသည့် မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဒေသခံလူမှုအသိုက်အဝန်းများ၊ ကရင်ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးရေးအဖွဲ့ (KDHW)၊ ဒေသတွင်းရှိကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် ဆွေးနွေး၍ ယဉ်ကျေးမှုနှင့် ဆီလျော်ပြီး ခွဲခြားမှုမရှိသော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင်သင့်သည်။ ရွာသားများအား ကုသမှုမပြုမီလိုအပ်သော ရောဂါစစ်ဆေးမှု၊ ကုသပုံနည်းစနစ်၊

ဆေးဝါးသုံးစွဲမှု အစရှိသည်တို့ကို လူနာများနားလည်နိုင်သော ဘာသာစကားဖြင့် အပြည့်အစုံ နားလည်သည်အထိ ကျန်းမာရေးဝန်ထမ်းများက အသေအချာရှင်းပြရမည်။

- မြန်မာနိုင်ငံအစိုးရ၊ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နေသော အဖွဲ့များအနေဖြင့် တိုင်းရင်းသားဒေသများရှိ ဝေးလံခေါင်သီသော နေရာများမှ ကရင်ကျန်းမာရေးနှင့် လူမှုဖွံ့လှုံ့ရေးအဖွဲ့ နှင့် ဒေသတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းများအပါအဝင် ကျန်းမာရေးကဏ္ဍများတွင် အထူးသဖြင့် ကိုယ်ဝန်ဆောင်နှင့် ၄လ်ဖျားရောဂါ တိုက်ဖျက်ရေးများတွင် ရန်ပုံငွေများအား တိုးမြှင့်ပေးသင့်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများအားလုံး လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများ၊ ဆေးခန်းများအား လက်လှမ်းမှီစေရန် သေချာစွာ လုပ်ဆောင်သင့်သည်။ ဆေးရုံဆေးခန်းအားလုံးတွင် လိုအပ်သောဆေးဝါးထောက်ပံ့မှုပစ္စည်းများ၊ လိုအပ်သော ဆေးဝါးများ၊ စနစ်တကျလေ့ကျင့်ထားသော ဝန်ထမ်းများထားရှိပြီး အဆင့်အတန်းမှီ၍ ရွာသားများအနေဖြင့် တတ်နိုင်သောကျန်းမာရေးဝန်ဆောင်မှုများ ဖြစ်ရန်လိုအပ်ပါသည်။
- မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာန၊ ကရင်ကျန်းမာရေးနှင့် လူမှုဖွံ့လှုံ့ရေးဌာနနှင့် ဒေသတွင်းရှိကျန်းမာရေးစောင့်ရှောက်မှုပေးနေသော အဖွဲ့အစည်းများအနေဖြင့် မြေမြှုပ်မိုင်း ဒဏ်ခံရသူများ၊ ပဋိပက္ခနှင့် အခွင့်အရေး ချိုးဖောက်မှုများကြောင့် ပြင်းထန်စွာ ထိခိုက်ခံစားရသူများအား အခမဲ့ဆေးကုသခွင့်ရရှိစေရန် လုပ်ဆောင်သင့်ပါသည်။ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ လုပ်ဆောင်နေသော အဖွဲ့များအနေဖြင့် ထိခိုက်ခံစားရသူများမှ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိရေးအတွက် ငွေကြေးများထောက်ပံ့ခြင်းနှင့် ဝန်ထမ်းများ၏ အရည်အချင်းနှင့် ဝန်ဆောင်မှုများ တိုးတက်လာအောင် မြှင့်တင်ပေးခြင်းများအား လုပ်ဆောင်ပေးသင့်ပါသည်။

ပညာရေး

> *"ပညာရေးဌာနကလူကြီးတွေ လက်လှမ်းမှီတဲ့နေရာတွေမှာတော့ ပညာရေးအတွက်ကြိုးပမ်းရုန်းကန် လုပ်ဆောင်တဲ့ ရွာသားတွေအတွက် အများကြီးတိုးတက်လာတာကို အဲ့ဒီနေရာတွေမှာ ကျွန်တော်တို့ တွေ့ရပါတယ်။ ကျွန်တော်တို့အရမ်းစိုးရိမ်ရတာတစ်ခုကတော့ ဝေးလံတဲ့ဒေသတွေမှာရှိတဲ့ ရွာသား တွေအတွက် ပညာရေးထောက်ပံ့မှုအားနည်းနေတယ်။ ဘာကြောင့်လဲဆိုတော့ ဖြစ်သင့်တာတွေက ဖြစ်မလာဘူး။"*
>
> ကရင်လူအခွင့်အရေးအဖွဲ့၏ သတင်းမှတ်တမ်းပြုစုသူတစ်ဦးမှ ရေးသားထားသော ဒေသတွင်း နောက်ဆုံးရအခြေအနေတင်ပြချက်၊ ညောင်လေးပင်ခရိုင်/ပဲခူးတိုင်းဒေသ အရှေ့ပိုင်း (၂၀၁၄ ခုနှစ် ဇူလိုင်လတွင် လက်ခံရရှိခဲ့သည်။)

- မြန်မာနိုင်ငံအစိုးရ အထူးသဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ကရင်ပညာရေးဌာန (KED) တို့အနေဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကလေးအားလုံးအတွက် အခမဲ့မူလတန်းပညာရေးရရှိစေရန်နှင့် ဆက်လက်၍ အလယ်တန်းနှင့် အထက်တန်းပညာရေးများကိုလည်း အခမဲ့သင်ယူခွင့်ရရှိစေရန် လုပ်ဆောင်သင့်သည်။ မြန်မာနိုင်ငံပညာရေး ဝန်ကြီးဌာနအနေဖြင့်ဒေသခံလူမှုအဖွဲ့အစည်းများ၊ KED နှင့် ဒေသတွင်း ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဝေးလံခေါင်ဖျားသော ဒေသများနှင့် လူဦးရေနည်းပါးသော ကျေးရွာများ၊ မြို့ငယ်များ၊မြို့ကြီးများတွင် အလယ်တန်းနှင့် အထက်တန်းကျောင်းများ ပိုမိုဖွင့်လှစ်နိုင်ရေးအတွက်အားစိုက်သင့်ပြီးမြန်မာပြည်အရှေ့တောင်ပိုင်းရှိကျောင်းများအားလုံးတွင်လုံလောက်သောရန်ပုံငွေ၊ သင်ထောက်ကူပစ္စည်းများနှင့်လုပ်ခလစာလုံလောက်စွာ ရရှိသောအရည်အချင်းမှီ ဆရာများ ထားရှိရန် လိုအပ်ပါသည်။
- မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနအနေဖြင့် ဒေသဆိုင်ရာလူ့အဖွဲ့အစည်းများ၊ KED၊ ဒေသတွင်း ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ပြီး သင်ရိုးညွှန်းတမ်းများကို ပြန်လည်ပြင်ဆင်ကာ ကရင်ဘာသာစာပေကဲ့သို့သော တိုင်းရင်းသားမိခင်ဘာသာစကားများနှင့် ရိုးရာယဉ်ကျေးမှုများအား ကျောင်းတွင်းပုံမှန်အချိန်ဇယားများအတိုင်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြန်မာနိုင်ငံအစိုးရကျောင်းများတွင် သင်ကြားခွင့်ပြုသင့်ပါသည်။
- မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအစိုးရပညာရေး မရရှိနိုင်သည့် ကျောင်းသားများအနေဖြင့် မြန်မာပြည်တွင်းရှိ အခြားကျောင်းသားများနှင့် တန်းတူအခွင့်အရေး ရရှိစေရန်အတွက် KED အပါအဝင် ဒုက္ခသည်စခန်းနှင့် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်စခန်းများ၊ ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ထိန်းချုပ် နယ်မြေများမှ ဒေသတွင်း ပညာရေးအဖွဲ့အစည်းများက ထုတ်ပေးသော ဒီပလိုမာနှင့် အခြားလက်မှတ်များကို အသိအမှတ်ပြုသင့်ပါသည်။
- မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန၊ KED နှင့် ဒေသတွင်း ပညာရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့ ကျောင်းများ၏ သင်ရိုးညွှန်းတမ်းများတွင်ကျား၊မ တန်းတူညီမျှမှုနှင့် လူ့အခွင့်အရေးပညာပေးခြင်းများကို ထည့်သွင်းသင်ကြားပေးသင့်ပါသည်။

တရားလက်လွတ် အခွန်ကောက်ခံခြင်း

"သူတို့ရဲ့ နွားတွေကို သွားပို့တဲ့ လမ်းမှာ ဂိတ်တွေအများကြီးကိုဖြတ်ရတယ်ဆိုတော့ အခွန်အနေနဲ့ ပိုက်ဆံတွေအများကြီးပေးရတယ်။အဲဒီလိုပိုက်ဆံပေးပေမယ့်လည်း ဂိတ်မှာရှိတဲ့အရာရှိက [မည်သည့်အဖွဲ့ မှန်းမသိပါ] သူတို့ပိုက်ဆံ [အခွန်] က မလုံလောက်ဘူးလို့ပြောတယ်။ ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်မှာရှိတဲ့ အီဒီဂိတ်တွေကမြန်မာလက်နက်ကိုင်[တပ်မတော်] အပါအဝင်လက်နက်ကိုင်အဖွဲ့တော်တော်များများနဲ့ ပတ်သက်တယ်။"

ကရင်လူအခွင့်အရေးအဖွဲ့၏ သတင်းမှတ်တမ်းပြုစုသူတစ်ဦးမှ ရေးသားထားသော ဒေသတွင်းနောက်ဆုံးရ အခြေအနေတင်ပြချက်၊ ဝင်းရေးမြို့နယ်၊ ဒူးပလာခရိုင်၊ ကရင်ပြည်နယ် တောင်ပိုင်း (၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် လက်ခံရရှိခဲ့သည်။)

- မြန်မာနိုင်ငံအစိုးရ၊ KNU နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ဥပဒေနှင့် မညီသောတရားလက်လွတ် အခွန်ကောက်ခံမှုများအား ရှောင်ကျဉ်ကာ ရွာသူရွာသားများအား ဝန်ထုပ်ဝန်ပိုးမဖြစ်စေသည့် သင့်တင့်မျှတသော အခွန်ကောက်ခံမှုများအား ဥပဒေနှင့်အညီ လုပ်ဆောင်သင့်သည်။ ထို့အပြင် ၎င်းတို့၏ လက်အောက်ခံ လက်နက်ကိုင်တပ်သားများအနေဖြင့် ရွာသားများအား စစ်ဆေးရေးဂိတ်များနှင့် အခြားနေရာများတွင် တရားလက်လွတ်အခွန်ကောက်ခံမှုများ၊ ခြောက်လန့်ခြင်းများ၊ ရွာသားများ၏ လွတ်လပ်စွာသွားလာမှုကို ပိတ်ပင်ခြင်းများ မပြုလုပ်နိုင်ရန် ဆောင်ရွက်သင့်ပါသည်။ ရွာသားများအနေဖြင့် အဖွဲ့အစည်းပေါင်းများစွာမှ ကောက်ခံသည့်အမျိုးမျိုးသော အခွန်အကောက်များကို မပေးဆောင်သင့်ပါ။ အခွန်ပေးဆောင်ရမည့် အချိန်ကာလနှင့် ပမာဏအား ရွာသားများကို ရှင်းလင်းစွာကြိုတင်အသိပေးသင့်သည်။ အခွန်ကောက်ခံမှုများတွင်လည်း အခွန်ရရှိကြောင်းပြေစာများ အမြဲတစေ ထုတ်ပေးသင့်ပြီး ထိုအခွန်များသည် မည်သည့် အုပ်ချုပ်မှုပိုင်းမှ ကောက်ခံကြောင်းနှင့် ဒေသအတွက် မည်သို့အကျိုးဖြစ်စေသည်ကို ဒေသခံရွာသားများအား အသိပေးရန် အရေးကြီးသည်။

အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်းနှင့် တရားလက်လွတ် ပစ္စည်းဥစ္စာတောင်းခံခြင်း

- မြန်မာနိုင်ငံအစိုးရ၊ တပ်မတော်၊ နယ်ခြားစောင့်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်နည်းလမ်း အမျိုးမျိုးနှင့် အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုများကို ရပ်တန့်ရမည်။ ထိုအတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုများ တွင် ရွာသားများအား လူသားဒိုင်းသဖွယ် အသုံးပြုခြင်း၊ ပေါ်တာဆွဲခြင်း၊ မြေမြှုပ်မိုင်းရှင်းခိုင်းခြင်း၊ အရွယ်ရောက်သူနှင့် ကလေးသူငယ်များအား အတင်းအဓမ္မစစ်သားစုဆောင်းခြင်း၊ စစ်စခန်းများနှင့် အခြားသောစစ်ဘက်ဆိုင်ရာ အဆောက်အဦးများ အဓမ္မဆောက်လုပ်စေခြင်း စသည်တို့ပါဝင်သည်။ ထို့အပြင် ဒေသခံလူမှုအသိုက်အဝန်းများထံမှ တရားလက်လွတ် ပစ္စည်းဥစ္စာ တောင်းဆိုခြင်းများဖြစ်သည့် ရွာသားများ၏ မော်တော်ယာဉ်များ၊ စက်လှေများ (သို့မဟုတ်) အခြားပိုင်ဆိုင်မှုများကို စစ်တပ်၏ လိုအပ်ချက်အတွက် အသုံးချခြင်းများအား ရပ်ဆိုင်းရမည်။

ဤဓာတ်ပုံကို ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ ဒူးပလာယာခရိုင်တွင် ရိုက်ကူးခဲ့ခြင်းဖြစ်ပါသည်။ ဤဓာတ်ပုံသည် ဖေဖော်ဝါရီလ အလယ်ပိုင်းလောက်တွင် ကရင်ရွာသားများ၏ဇင်းတို့သယ်နိုင်သမျှ သယ်ကာ အသက်ဘေးလုၤ် ထိုင်းနယ်စပ်ကို ကျော်ဖြတ်၍ ထွက်ပြေးနေသော ပုံဖြစ်ပါသည်။ ဤဓာတ်ပုံ ရိုက်ယူနေချိန်တွင် တိုက်ခိုက်မှုလုပ်နေသော အဓိကတပ်မတော်တပ်ဖွဲ့သည် ထိုနေရာ နှင့် လမ်းလျှောက်ခရီး နာရီဝက်သာသာတွင် ရှိနေချိန်ဖြစ် ပါသည်။ လေးဖိုးထ မှ စောထ (အဇင်း)၊ စောထ မှ ကျိုက်ဒုံလွင်ပြင် တစ်လျှောက်မှ ရွာများမှထွက်ပြေးလာသော ရွာသားများဖြစ်ကြပြီး ထိုင်းနယ်စပ်ကို လေးဖိုးထမှ ကူးဖြတ်နေကြသည်။ ထိုရွာသား များပြေးလာသည်နှင့်အတူ အဝေးမှလက်နက်ကြီး (မော်တာ) ပေါက်ကွဲသံများကိုလည်း လမ်းလျှောက်ခရီး တစ်နာရီမျှသာဝေးသော ကွီးခလာနှင့်မယ်သရောထမှ ကြားနေရသည်။ မိနစ် ၃၀ ခန့်ကြာသောအခါ ၁၅ မိနစ်လမ်းလျှောက်ခရီးသာဝေးသည့် လေးဖိုးထကို တပ်မတော်တပ်ဖွဲ့မှလက်နက်ကြီးများဖြင့်စတင်ပစ်ခတ်တော့သည်။ *[ဓာတ်ပုံ- KHRG]*

MyJustice
Funded by: European Union
Implemented by: BRITISH COUNCIL
USAID FROM THE AMERICAN PEOPLE
PLE PROJECT FOR LOCAL EMPOWERMENT

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့သည် လွတ်လပ်သောအဖွဲ့အစည်း တစ်ခုဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့် တွေ့ကြုံခံစားနေရသောအဖြစ်အပျက်များနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို စုဆောင်းမှတ်တမ်းယူနိုင်စေရန် သင်တန်းပို့ချပေးခြင်းနှင့် လိုအပ်သည့်အထောက်အကူပစ္စည်းများ ပံ့ပိုးပေးလျှက်ရှိသည်။ ထို့အပြင် ရရှိသည့်သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်း နှင့် ချိုးဖောက်မှုများကို ကာကွယ်လျှက်ရှိသည်ရွာသားများ၏ နည်းဗျူဟာများပိုမိုကောင်းမွန်စေရန် ၎င်းတို့နှင့် ပူးပေါင်းလုပ်ဆောင်မှုများလုပ်ခြင်းဖြင့် မြန်မာပြည်ရှိ လူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန် လာစေရန်ကြိုးပမ်းလျှက်ရှိပါသည်။ ကျွန်ုပ်တို့၏လုပ်ငန်းများကို အသေးစိတ်သိရှိလိုပါက www.khrg.org တွင် ဖတ်ရှုနိုင်ပါသည်။

KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း